ဂါရဝေါစ တော‌ံ မင်္ဂလ မုတ္တမံ၊ ရိုသေထိုက်သူကို ရိုသေခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၃၇)

အခြေခံကောင်းများဖြစ်ထွန်းအောင် မဟာဗျူဟာများချမှတ်ဆောင်ရွက်လျက်ရှိ

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အဓိက လိုအပ်ချက်မှာ အမျိုးသားအင်အား ခိုင်မာတောင့်တင်းမှုပင် ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရက ပြည်ထောင်စု စိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ယဉ်ကျေးမှုနှင့် စာရိတ္တမြင့်မားရေး၊ စိုက်ပျိုးရေးနှင့်အခြားစီးပွားရေးကဏ္ဍများ အချိုးကျတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးစသည့် အရေးပါသော အခြေခံကောင်းများဖြစ်ထွန်းအောင် မဟာဗျူဟာများချမှတ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၃)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ-



(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု

"နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ အနာဂတ်အလင်းရောင် မီးရှူးတန်ဆောင်လည်းဖြစ်သည်။ မြန်မာတိုင်းရင်းသားပြည်သူတို့၏ အနာဂတ်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီပြည်ထောင်စု နိုင်ငံတော်သစ်သို့ သွားရမည့်လမ်းကြောင်းလည်း ဖြစ်သည်။"

ကေတုနီလာ၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုဆောင်းပါး **"ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ပန်းတိုင်ဆီသို့ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆက်လက်ချီတက်ကြမည်"**ကို စာမျက်နှာ(၈/၉)၊ မြင်းမူမောင်နိုင်မိုး၏ **"ပြည်ထောင်စုအဓိဋ္ဌာန်"**ကို စာမျက်နှာ(၅)နှင့် **"မန္တလေးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း"**ကို စာမျက်နှာ(၇)တွင် ဝေဝေဆာဆာ ဖော်ပြထားပါသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

မလေးရှားဝန်ကြီးချုပ်ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့အားလက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ မလေးရှားနိုင်ငံ ဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီး ဦးလှမောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး Dato' Cheah Sam Kip လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ယနေ့ထုတ်
စောင်ရေ
၂၀၀၅၀၀

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေး ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားပြန့်ပွားအောင်ကြိုးပမ်း

မြန်မာတိုင်းရင်းသားများသည် မြန်မာ့မြေပေါ်တွင် မျိုးဆက်ရှည်ကြာစွာ ပေါက်ဖွားရှင်သန်လာခဲ့ကြသည့် သွေးချင်းသားချင်းညီနောင်ရင်းများဖြစ်ကြသည်။ မြန်မာတိုင်းရင်းသားမျိုးနွယ်စု တစ်ရာကျော်တွင် ရိုးသားဖြူစင်ခြင်း၊ သနားကြင်နာခြင်း၊ ရိုင်းပင်းကူညီခြင်း၊ မေတ္တာတရားထားရှိခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ စာနာထောက်ထားခြင်း၊ အေးချမ်းစွာနေထိုင်လိုခြင်းစသည့် လူမှုရေးအသွင်သဏ္ဌာန်များကို တူညီသည့် ပင်ကိုစရိုက်လက္ခဏာများအဖြစ် တွေ့ကြရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့နယ်နိမိတ်အတွင်းမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပျံ့နှံ့နေထိုင်လျက်ရှိကြသလို ပြည်ထောင်စုကြီးရဲ့ နယ်မြေဒေသ အစိတ်အပိုင်းတစ်ခုစီဟာလဲ တိုင်းရင်းသားလူမျိုးတွေ အတူတကွ ပူးပေါင်းနေထိုင်တဲ့ ပြည်ထောင်စုငယ်တွေပဲဖြစ်တယ်။ ဒီလို တစ်ဦးနဲ့တစ်ဦး ပေါင်းစည်းယှက်နွယ်နေထိုင်ကြပြီး ခွဲခြားလို့မရတဲ့အခြေအနေမှာ တိုင်းရင်းသားလူမျိုးတွေအချင်းချင်း ချစ်ချစ်ခင်ခင်စည်းစည်းလုံးလုံး ရှိကြဖို့လိုတယ်"

ဟူ၍ ၂၀၀၃ခုနှစ်၊ ဇန်နဝါရီလ၂၈ရက်နေ့ နံနက်ပိုင်းက ပြည်သူ့လွှတ်တော်အဆောက်အအုံ မင်္ဂလာခန်းမ၌ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင် သင်တန်းအမှတ်စဉ်(၃၅) သင်တန်းသားသင်တန်းသူများအား ဩဝါဒစကား မြွက်ကြားရာတွင် ထည့်သွင်းလမ်းညွှန်မိန့်ကြားခဲ့သည်။

စိတ်သဘောထားချင်းတူညီကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးခြင်း၊ ရိုင်းပင်းကူညီခြင်း၊ အပြန်အလှန်အမှီသဟဲပြုခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဟူသည့် မိသားစုစိတ်ဓာတ်ကိုအခြေခံပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွင်းတွင် သုခ၊ဒုက္ခဟူသမျှကို မျှဝေခံစားကြရင်း ပေါင်းစည်းယှက်နွယ်နေထိုင်ခဲ့ကြသည်မှာ လူသားသမိုင်းအစမှသည် ယနေ့ထက်တိုင်ပင်ဖြစ်သည်။

ယနေ့ကာလတွင် ပြည်ထောင်စုကြီးအတွင်း၌ တိုင်းရင်းသားလူမျိုးများ ထွေးရောယှက်တင်ပေါင်းစည်းယှက်နွယ် နေထိုင်ကြသကဲ့သို့ ပြည်နယ်နှင့်တိုင်းဒေသအသီးသီးတွင်လည်း တိုင်းရင်းသားလူမျိုးများသည် အတူတကွ ပေါင်းစည်းယှဉ်တွဲ နေထိုင်လျက်ရှိကြသည်။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ဖေဖော်ဝါရီလ ၁၀ ရက်နေ့ညနေပိုင်းက ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၌ တွေ့ဆုံ၍ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် "နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ မိမိတို့တိုင်းရင်းသားများ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တစ်ဦးနှင့်တစ်ဦး ပေါင်းစည်းယှက်နွယ်နေထိုင်ကြရာတွင် ကျဉ်းမြောင်းသည့် လူမျိုးရေးစိတ်ထား လုံးဝကင်းရှင်းပြီး ခြံဝင်းကြီးတစ်ခုအတွင်း ညီအစ်ကိုမောင်နှမများ သိုက်သိုက်ဝန်းဝန်း၊ အေးအေးချမ်းချမ်း အကျိုးတူ ပူးပေါင်းနေထိုင်ကြသကဲ့သို့ မိသားစုစိတ်ဓာတ်အပြည့်အဝဖြင့် ဥမကွဲသိုက်မပျက် နေထိုင်သွားကြရမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

မြန်မာ့သမိုင်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကျစ်လျစ်ခိုင်မြဲသည့်ကာလမျိုး၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အင်အားသည် တောင့်တင်းခိုင်မာပြီး ခမ်းနားထင်ရှား ဂုဏ်ရှိန်မြင့်မားခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုလျော့ပါးခဲ့သည့်ကာလများ၌ ပြည်ထောင်စုကြီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးအခြေအနေများ နိမ့်ပါးခဲ့ရပြီး ပြည်ပ၏ကျူးကျော်မှုများ၊ အချုပ်အခြာအာဏာကို ထိပါးစော်ကားမှုများခံခဲ့ရသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည်နှင့်အညီ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှု ခိုင်မြဲနေမှသာ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့တည်တံ့ပြီး အချုပ်အခြာအာဏာလည်း ရေရှည်ခိုင်မြဲမည်ဖြစ်သည်။

ထို့ကြောင့် တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ယူစဉ်အချိန်မှစ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးမူဝါဒကိုချမှတ်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ် ရှင်သန်ထွန်းကားပြန့်ပွားရေးတို့ကို စဉ်ဆက်မပြတ် အလေးပေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားပြန့်ပွားစေရေး လက်တွဲကြိုးပမ်းသွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ညောင်ဦးမြို့နယ် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်း ညောင်ဦးခရိုင် ပုဂံ–ညောင်ဦးမြို့နယ် အနောက်ဖွားစောရွာရှိ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူပြီးစီး၍ ဌာပနာတော် သွင်းခြင်း၊ ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၈နာရီ ၁၀မိနစ်တွင် ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်ကြည်ညိုသည်။

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ပုဂံဒေသရှိ ရှေးဟောင်းဘုရားပုထိုးစေတီများ ထိန်းသိမ်းပြုပြင်နေခြင်းနှင့် ပတ်သက်၍ တင်ပြလျှောက်ထားသည်။ဆက်လက်၍ ဥပါသကာများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်တော်မူသည်။ ထို့နောက်ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်နှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်နှင့် ပတ္တမြားနဂါးကုမ္ပဏီမှ အလှူရှင်များ၊ တာဝန်ရှိသူများက ဆရာတော် အရှင်သူမြတ်တို့အား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်၊ ဌာပနာပစ္စည်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်နှင့်ဌာပနာတော်များကို ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်၊ အလှူရှင်များနှင့် တာဝန်ရှိသူတို့က ပင့်ဆောင်၍ ဆုတောင်းပြည့်စေတီတော်မြတ်အား လက်ယာရစ်သုံးကြိမ်လှည့်လည်ပူဇော်သည်။ ထို့နောက်ထီးတော်ဘုံဆင့်များကို တပ်မတော်(လေ) မြလေယာဉ်ထီးတော်တင်အဖွဲ့နှင့် ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်နှင့် အလှူရှင်များက တင်လှူပူဇော်ကြသည်။ ထို့နောက်ဌာပနာတော်များကို သွင်းလှူပူဇော်ကာ ဝန်ကြီး ဗိုလ်ချုပ် ကြည်အောင်နှင့် အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ တင်လှူပူဇော်ကြသည်။ ဆက်လက်၍ ဆရာတော်အရှင်သူမြတ်တို့က ဆုတောင်းပြည့် စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

အနောက်ဖွားစောရွာ ဆုတောင်းပြည့် စေတီတော်မြတ်ကြီးကို မြန်မာသက္ကရာဇ် ၆၆ဝခုနှစ်က မိဖုရားဖွားစောက တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်၍ ၁၉၇၅ခုနှစ်က မြေငလျင်ဒဏ်ကြောင့် ပျက်ယွင်းသွားပြီး ပြန်လည်ပြုပြင်မွမ်းမံရာတွင် စေတီတော်ကြီးမှာ ခေါင်းလောင်းတော်အခြေမှ ထီးတော်အထိ အရှေ့မြောက်ဘက်သို့ ၂၃ဒီဂရီခန့် တိမ်းစောင်းလျက်ရှိသည်။

၂၀၀၂ခုနှစ်တွင်ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဦးနေဝင်းထွန်းနှင့် အမှုဆောင်အဖွဲ့ဝင်များက ပုဂံယဉ်ကျေးမှုဒေသရှိ ရှေးဟောင်းဘုရားပုထိုးစေတီများကို ပြုပြင်ထိန်းသိမ်းရန် အလှူငွေကျပ်သိန်း ၁၈၀၀လှူဒါန်းခဲ့ရာ အဆိုပါအလှူငွေဖြင့် အနောက်ဖွားစောရွာရှိ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး အပါအဝင် ရှေးဟောင်းစေတီပုထိုး၄၅ဆူကို ပြုပြင် တည်ထားပြီးစီးခဲ့သည်။ ယနေ့ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးနှင့်အတူ ပုဂံမြို့ မြေဘုံသာဘုရားလှအနီးရှိ ဘုရားအမှတ် ၁၅၁၅ ကိုပါ ရွှေထီးတော် တင်လှူပူဇော်သည်။ ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဦးနေဝင်းထွန်းနှင့် အမှုဆောင်အဖွဲ့ဝင် အလှူရှင်များလှူဒါန်းငွေဖြင့် ဆုတောင်းပြည့်ကျောင်းတိုက်ဝင်းအတွင်းရှိ ထေရ်ကြီးကျောင်းကို ပြုပြင်ထိန်းသိမ်းပြီးစီး၍ အဝီစိစက်ရေတွင်း ဂါလန် ၃၀၀၀ ဆံ့မြေအောက်ရေကန်၊ ဂါလန် ၈၀၀ ဆံ့ရေစင်၊ သံဃာတော်များအသုံးပြုရန် ကုဋီ၊အထူးဧည့်သည်တော်များနှင့် အများသူငါ အသုံးပြုရန် သန့်စင်ခန်းများနှင့် သီလရှင်အုတ်တိုက်ကျောင်းတို့ကိုပါ ဆောက်လုပ်လှူဒါန်းနိုင်ခဲ့သည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် ရွှေပြည်ဟိန်း ကျန်းမာရေးယာဉ် အလှူအသင်းအတွက် အလှူငွေ ကျပ်နှစ်သိန်းကို သဟပုညကာရီ သံဃဒါနဝါတွင်းဝါပ တနင်္လာဆွမ်းလောင်းအဖွဲ့၊ ၁၁ ရပ်ကွက် လှိုင်မြို့နယ်က ဖေဖော်ဝါရီ ၁၀ ရက်က လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က–ပ)

ဖေဖော်ဝါရီ ၁၂ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့်(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် စံပြမိခင်နှင့်ကလေးပြိုင်ပွဲ ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၀ရက်က ဆရာဝန်အသင်းတိုက်ခန်းမတွင်ပြုလုပ်ရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက ဆုရကလေးငယ်တစ်ဦးအား ဆုချီးမြှင့်စဉ်။ (၂၅၉)

ဘုရားဖြူစာပြန်ပွဲ ဆုနှင်းသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီးက ကြီးမှူးကျင်းပသော (၇၂)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲအောင်စာရင်းကို ပုဇွန်တောင်မြို့နယ် ဘုရားဖြူစာသင်တိုက်ကြီးအတွင်း၌ ထုတ်ပြန်ထားသည်။ စာအောင်သံဃာများအား ဆုဆက်ကပ်ရန် ဆုနှင်းသဘင်ကို ဖေဖော်ဝါရီ၂၉ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(က–ပ)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမက(၇) ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် မြို့နယ်ဘက်စုံဆု သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ပထမဆု၊ စာစီစာကုံးပထမဆုရသူ မရူဇင်စိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဝင်းက ဆုချီးမြှင့်စဉ်။

(၁၉၂)

ဖေဖော်ဝါရီ ၁၃ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ အမှတ်တရဓာတ်ပုံရိုက်စဉ်။ (သတင်း–ရွှေဖုံး) (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၃ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ နှုတ်ဆက်စဉ်။ (သတင်း–ရွှေဖုံး) (သတင်းစဉ်)

ဧည့်သည်တော်မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီအဗ္ဗဒူလာဘင်ဟာဂျီအာမက်ဘာဒါဝီ ရန်ကုန်မြို့ရှိ မလေးရှားစီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံသတင်းစာရှင်းလင်းပွဲပြုလုပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လုပ်ငန်းသဘော အလည်အပတ်ခရီးရောက်ရှိနေသော မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီသည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မီကာဆာဟိုတယ်၌ ရန်ကုန်မြို့ရှိ မလေးရှားနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံသည်။

ထို့နောက် ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီသည် ညနေ ၅ နာရီတွင် မီကာဆာဟိုတယ်၌ မလေးရှားနိုင်ငံမှ သတင်းထောက်များနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲကျင်းပသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာတည်ခင်းဧည့်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လုပ်ငန်းသဘော အလည်အပတ်ခရီးရောက်ရှိနေသော မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီနှင့် အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ နိုင်ငံတော်အိမ်တော်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(အောက်ပုံ)

အဆိုပါ ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလှမောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အမျိုးသမီးရေးရာသိကောင်းစရာများဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံအမျိုးသမီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဦးဆောင်သောအဖွဲ့က မြန်မာအမျိုးသမီးဆရာဝန်များအတွက် အမျိုးသမီးရေးရာ သိကောင်းစရာအကြောင်း ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်၌ကျင်းပမည်ဖြစ်ရာ ဘာသာရပ်ဆိုင်ရာအဖွဲ့များမှ အမှုဆောင်များနှင့် အဖွဲ့ဝင် အမျိုးသမီး ဆရာဝန်တိုင်း မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

■ *ပြည်ထောင်စုမှ*

ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီနှင့်အဖွဲ့ဝင်များအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ မလေးရှားနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးလှမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး Dato' Cheah Sam Kipနှင့် သံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Simon Tensing de Cruzနှင့် ရန်ကုန်မြို့ရှိ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ ရန်ကုန်မြို့ရှိ မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက ကြိုဆိုကြသည်။

ကြိုဆိုနှုတ်ဆက်

မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီနှင့် အဖွဲ့ဝင်များအား သယ်ဆောင်ပျံသန်းလာသည့် အထူးလေယာဉ်သည် နံနက် ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ လုပ်ငန်းသဘော အလည်အပတ်ရောက်ရှိလာသော မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီအား ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ နိုင်ငံတော်အိမ်တော်သို့ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)



သူရဦးအောင်ထက်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး Dato' Cheah Sam Kipတို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီအား ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီးချုပ်သည် အထူးလေယာဉ်ပေါ်မှ ဆင်းသက်လာရာ လေယာဉ်လှေကားထိပ်တွင် ယဉ်ကျေးမှုတက္ကသိုလ်မှ မြန်မာအမျိုးသမီးငယ်တစ်ဦးက ပန်းစည်းပေးအပ်၍ ဂုဏ်ပြုကြိုဆိုသည်။

ယင်းနောက် ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အထူးလေယာဉ် လှေကားထိပ်တွင် ဆီးကြိုနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧည့်သည်တော် ဝန်ကြီးချုပ်အား ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီသည် ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Simon Tensing de Cruzနှင့် အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ မလေးရှားနိုင်ငံသံရုံးမှ သံရုံးအဖွဲ့ဝင်များအား နှုတ်ဆက်သည်။

အလေးပြုခြင်းခံယူ

ဆက်လက်၍နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီနှင့် အဖွဲ့ဝင်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခံခန်းမသို့ သွားရောက်ကြပြီး ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက မလေးရှားနိုင်ငံ အမျိုးသားသီချင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

ဆက်လက်၍ ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများအား တွေ့ဆုံနှုတ်ဆက်ပြီး ဧည့်သည်တော်ဝန်ကြီးချုပ်ကလည်း ကြိုဆိုနှုတ်ဆက်ကြသူများအား ထပ်မံ နှုတ်ဆက်သည်။

ဆက်လက်၍ ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီသည် ရန်ကုန်မြို့ရှိ မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား နှုတ်ဆက်သည်။

ထို့နောက် ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စိမ်းလဲ့ကန်သာ နိုင်ငံတော်အိမ်တော်သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီနှင့် အဖွဲ့ဝင်များအား စိမ်းလဲ့ကန်သာ နိုင်ငံတော်အိမ်တော်၌ ရင်းရင်းနှီးနှီး ထပ်မံနှုတ်ဆက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် စိမ်းလဲ့ကန်သာ နိုင်ငံတော်အိမ်တော်မှ ပြန်လည်ထွက်ခွာသွားသည်။

မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H. E. Datuk Seri Syed Hamrdbin Syed Jaafar Albariနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါလာကြသည်။

ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီနှင့် အဖွဲ့ဝင်များအား ကြိုဆိုရာတွင် "မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီအား လှိုက်လှဲစွာ ကြိုဆိုပါ၏" ဟူသောစာတန်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင်အဝင်နှင့် လေဆိပ်အထွက် ပြည်လမ်းတို့၌ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားထားပြီး နှစ်နိုင်ငံအလံများကိုလည်း လွှင့်ထူထားသည်။

ထို့အပြင် ပြည်လမ်းပေါ်ရှိ အင်းလျားလေးကွေ့၊ ပြည်လမ်းနှင့် အင်းလျားလမ်းထောင့်နှင့် စိမ်းလဲ့ကန်သာ နိုင်ငံတော်အိမ်တော်အဝင်တို့၌လည်း "မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီအား လှိုက်လှဲစွာ ကြိုဆိုပါ၏" ဟူသောစာတန်းကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားကြိုဆိုထားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မလေးရှားဝန်ကြီးချုပ်အားရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ လုပ်ငန်းသဘော အလည်အပတ်ခရီး လာရောက်ခဲ့သော မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီသည် ယနေ့ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီအဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီနှင့်အဖွဲ့ဝင်များအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးလှမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး Dato' Cheah Sam Kip နှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီအား မြန်မာနိုင်ငံ ခရီးစဉ်မှတ်တမ်းတင်ဓာတ်ပုံ အယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရပေးအပ်စဉ်။ (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီအား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းနှီးခင်မင်စွာ ပို့ဆောင် နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမှတ်တရပေးအပ်

အထူးလေယာဉ်ပေါ်သို့ မတက်ရောက်မီ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဧည့်သည်တော်မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီအဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီတို့သည် ရင်းနှီးခင်မင်စွာ နှုတ်ဆက်ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဧည့်သည်တော် ဝန်ကြီးချုပ်အား မြန်မာနိုင်ငံခရီးစဉ် မှတ်တမ်းတင်ဓာတ်ပုံအယ်လ်ဘမ်နှင့်ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရပေးအပ်သည်။

ထို့နောက် ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီနှင့်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ညနေ ၆ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှပြန်လည်ထွက်ခွာသွားရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင်မှ လက်ဝှေ့ယမ်း နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

● နိုင်ငံတော်မှ

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးလှမောင်၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့တက်ရောက်ကြပြီး မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီနှင့်အတူ နိုင်ငံခြားရေးဝန်ကြီး Datuk Seri Syed Hamid bin Syed Jaafar Albar၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ Secretary- General Tan Sri Ahmad Fuzi Hj Abdul Razad၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး Dato’ Cheah Sam Kip နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်မှုကိစ္စရပ်များ၊ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ ဒေသဆိုင်ရာ ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ ဦးဆောင်သော မြန်မာ-မလေးရှားပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်တစ်ရပ်ထူထောင်ရန် သဘောတူညီခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့အဝိဇ္ဇာန်

“ခိုင်မြဲသော တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ တိုင်းရင်းသားအားလုံး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အားသွန်ခွန်စိုက် ချီတက်ကြပါစို့”

(မြန်မာ့သမိုင်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာသည့် အချိန်များ၌ နိုင်ငံတော်အင်အား အတောင့်တင်းဆုံးဖြစ်ခဲ့သည်ကို ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်တို့က သက်သေပြလျက်ရှိသည်။)

ပြည်ထောင်စုအဝိဇ္ဇာန်

*** နှင်းမှုန်ဖျန်းပက်၊ ဆယ့်နှစ်ရက်ဖေဖော်ဝါရီ
ရာသီဆောင်းပန်း၊ ပွင့်လန်းသင်းထုံကြည်
ရောင်သွေးစုံညီ၊ စီရီပွင့်ဖူး
ဘိုး ဘွား အမွေ၊ ငါတို့မြေ
ရွှန်းဝေအလှ ထူးပါဘိလေး။**

*** ကြည်နူးဖွယ်အလှ၊ ထာဝရပိုင်ဆိုင်ပေ
မြန်မာ့မြေတစ်ဝှမ်း၊ စိမ်းလန်းသစ်လွင်နေ
တော တောင်ရေမြေ၊ ရစ်ခွေ မြစ် ချောင်း
လမ်းတံတားခေတ်မီ၊ ပြည်သစ်တည်
ချစ်ကြည်စဖွယ် ကောင်းပါဘိလေး။**

*** မိုင်ပေါင်းမည်မျှ၊ ဝေးကွာကြပါစေ
တို့တိုင်းရင်းသား၊ ညီဘွားနောင်ရင်းဆွေ
မခြားစိတ်နေ၊ မသွေစိတ်ထား
စည်းလုံးချစ်ကြည်၊ ပြည်သစ်ဆီ
လှမ်းချီစုပေါင်း အားရယ်နှင့်လေး။**

*** ဒို့တာဝန်အရေးသုံးပါး၊ နှလုံးသားမှာ သန္ဓေတည်
အမျိုးသားရေးမူဝါဒ၊ ချမှတ်စောင့်ထိန်းမည်
ကမ္ဘာအရှည် မြန်မာပြည်၊ တည်တံ့အောင် တို့ကြိုးပမ်း
ကချင် ကယား ကရင် ပါ၊ ချင်း မွန် ဗမာ
ညီညာ ရခိုင် ရှမ်း အစုံတည့်လေး။**

*** လမ်းစဉ်ခုနစ်ရပ်၊ ချမှတ်ချီတက်မည်
ရွှေချိုးဖြူနွဲ့၊ ကူတဲ့ သည်ယနေ့ဆီ
တစ်ဝှမ်းမြန်ပြည်၊ အေးချမ်းမည်နိမိတ်
မြန်မာ့ဂုဏ်ရောင်၊ မြန်မာတို့ဆောင်
အောင်တိတ် အောင်ဟိတ် အောင်အရိပ် ဝေလိမ့်လေး။
ညီနောင်ထု စိတ်အကြံ တစ်ဆိတ်ပြန် မယိုင်မလဲညီ။
ပြည်ထောင်စု စိတ်အမှန် အဓိဋ္ဌာန်ခိုင်မြဲသည်။ ။**

မြင်းမူမောင်နိုင်မိုး

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီတို့ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ နိုင်ငံတော်အိမ်တော်၌ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

14-2 (5).p65 1 3/24/05, 10:50 PM

အမေရိကန်နှင့်အပေါင်းပါတို့၏ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

အမေရိကန်တို့၏ စစ်လက်နက်ပစ္စည်းများပျက်စီးဆုံးရှုံးမှုများ

၂၀၀၃ ခုနှစ် မတ်လ ၂၀ရက်မှစ၍ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ယင်းသို့ ကျူးကျော်သိမ်းပိုက်ထားခြင်းကို ဆန့်ကျင်၍ အီရတ်ပြောက်ကျားများက ခုခံတိုက်ခိုက်လျက်ရှိရာ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့တို့၏ စစ်သုံးယာဉ်အများအပြား ပျက်စီးဆုံးရှုံးခဲ့သည်။

၂၀၀၃ခုနှစ် ဒီဇင်ဘာ ၄ ရက်က ဘဂ္ဂဒက်မြို့၌ လမ်းဘေးဗုံးပေါက်ကွဲ၍ အမေရိကန်သံချပ်ကာယာဉ်တစ်စီး မီးလောင်ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒုံးကျည်ထိ

၂၀၀၃ ခုနှစ် ဇူလိုင် ၃ ရက်က ဘဂ္ဂဒက်မြို့တွင် အီရတ်ပြောက်ကျားတို့ ပစ်ခတ်သည့် ဒုံးကျည် ထိမှန်မှုကြောင့် အမေရိကန်စစ်ယာဉ်တစ်စီး ပျက်စီးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ခုနှစ် စက်တင်ဘာ ၂၅ ရက်က မိုဆူးလ်မြို့၌ အီရတ်ပြောက်ကျားများ ထောင်ထားသော လမ်းဘေးဗုံးပေါက်ကွဲ၍ အမေရိကန် ဟမ်းဗီးယာဉ်များ ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့၏ စစ်လက်နက်ပစ္စည်းများပျက်စီးဆုံးရှုံးမှုများ

စဉ်	ပျက်စီးဆုံးရှုံးသော စစ်လက်နက် ပစ္စည်းများ	စစ်ပွဲစတင်ချိန်မှ မေ(၁)ရက် အထိ	မေလ(၂)ရက်မှ ၂၀၀၄ခုနှစ် ဇန်နဝါရီ (၂၉)ရက်အထိ	စုစုပေါင်း
၁	တင့်ကား	၅	၁	၆
၂	သံချပ်ကာ	၄၅	-	၄၅
၃	အခြားယာဉ်များ	၂၀၁	-	၂၀၁
၄	လေယာဉ်မျိုးစုံ	၂၀	၁	၂၁
၅	ရဟတ်ယာဉ်မျိုးစုံ	၂၃	၁၁	၃၄
	စုစုပေါင်း	၂၉၄	၁၃	၃၀၇

မြန်မာ့အလင်း

အီရတ် မြင်ကွင်း

၂၀၀၃ခုနှစ် ဒီဇင်ဘာ ၉ ရက်က ဖော်လူဂျာမြို့အနီး၌ အီရတ်ခုခံရေးသမားများ၏ ပစ်ချခြင်းခံခဲ့ရသော အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်း မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ခုနှစ် နိုဝင်ဘာ ၃ ရက်က ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးရပ်ကွက်တစ်ခု၌ လမ်းဘေးဗုံးပေါက်ကွဲ၍ အမေရိကန်စစ်ယာဉ်တစ်စီး မီးလောင်ကျွမ်းပျက်စီးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက် မန္တလေးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်း

တိုင်းရင်းဆေး တက္ကသိုလ်(မန္တလေး)

မန္တလေး အောင်မြေသာစံမြို့နယ် မန္တလေး–မတ္တရာကားလမ်းမြောက်ဘက်တွင် ကျန်းမာရေးဝန်ကြီးဌာနက တိုင်းရင်းဆေး တက္ကသိုလ်(မန္တလေး)ကို တည်ဆောက်လျက်ရှိရာ တည်ဆောက်ပြီးစီးမှုအခြေအနေကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–ထွဏ်းလှအောင်)

ပြင်ဦးလွင်မြို့ အမျိုးသား ကန်တော်ကြီး ဥယျာဉ်ရှိ နန်းမြင့်မျှော်စင် အဆောက်အအုံကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–ထွဏ်းလှအောင်)

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေး		
အသားတင်စိုက်ပျိုးမြေဧက(သိန်း)	၂၅.၃	၃၃.၉
မိုး/နွေစပါးစိုက်ဧက	၅၇၅၈၅၅	၈၂၀၀၀၃
ပဲမျိုးစုံစိုက်ဧက	၁၃၅၄၆၄၂	၁၅၅၉၉၆၄
လက်ဖက်စိုက်ဧက	၂၀၅၀	၃၀၈၄
ငရုတ်ကောင်းစိုက်ဧက	–	၃၂၄၆၄
မြစ်ရေတင်စီမံကိန်း	၂	၇၁
ဆည်/တမံ	၂၀	၆၀
လမ်းပန်းဆက်သွယ်ရေး		
လမ်းမိုင်ပေါင်း	၈၄၄	၁၂၈၁
ရထားလမ်း	၃၀၅	၄၁၄
တံတား(ပေ၁၈၀အထက်)	–	၆
လေယာဉ်ကွင်း	၂	၄
ဆက်သွယ်ရေး		
စာတိုက်	၁၄၀	၁၄၉
ကြေးနန်းရုံး	၃၇	၄၆
အော်တိုအိတ်ချိန်း	၅	၁၈
မိုက္ကရိုဝေ့ဗ်	၁၁	၁၆
စက်မှုလုပ်ငန်း		
စက်မှုဇုန်	–	၃
စက်ရုံ၊ အလုပ်ရုံ	–	၄၇



ရဲရွာရေအားလျှပ်စစ်စီမံကိန်း

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်မှ ၃၅ မိုင်အကွာ ရဲရွာအနီးရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်နေမှု အခြေအနေကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–ထွဏ်းလှအောင်)

မန္တလေးတိုင်း ကျောက်ဆည်မြို့အနီးရှိ နွားလည်ကောက်တောင်မှ ထုံးကျောက်ကုန်ကြမ်း အလုံအလောက် ထုတ်ယူသုံးစွဲနိုင်သည့် ဆင်မင်းဘိလပ်မြေစက်ရုံကို တွေ့ရစဉ်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
လျှပ်စစ်ဓာတ်အား		
ဒီဇယ်လျှပ်စစ်	၃	၅
ရေအားလျှပ်စစ်	၂	၄
ပြန်ကြားရေး		
ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ	၁	၃
ကိုယ်ပွားသတင်းစာတိုက် (မြန်မာ့အလင်း၊ကြေးမုံ၊ °The New Light of Myanmar)	–	၁
ပြန်/ဆက်ရုံး	–	၃၃
စာကြည့်တိုက်		၁၅
ပညာရေး		
တက္ကသိုလ်	၁	၇
ကောလိပ်	၁	၃
အထက်တန်းကျောင်း	၈၇	၁၁၄
အလယ်တန်းကျောင်း	၁၈၀	၂၃၀
မူလတန်းကျောင်း	၃၄၂၄	၄၀၉၁
မူလတန်းလွန်ကျောင်း	–	၄၄၄
ကျန်းမာရေး		
ဆေးရုံ	၆၉	၈၄
တိုင်းရင်းဆေးခန်း	–	၁

စည်းလုံး ချစ်ကြည် ရှေ့ပြည်သစ်ဆီသို့

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် ယင်းနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့်အတူ ယင်းနိုင်ငံရှိ နိုင်ငံသားအားလုံး၊ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုအင်အားကို အခြေခံစမြဲဖြစ်သည်။ ဤသည်ကို မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများနှင့် ဖဆပလ၊ ပထစအပါအဝင် နိုင်ငံရေးပါတီများ၏ ပါတီတွင်းပဋိပက္ခများဖြင့် ဖြတ်သန်းလာခဲ့ရသော နှစ်ပေါင်း ၄၀ ကျော်မှ မြန်မာ့နိုင်ငံရေး သင်ခန်းစာများက အဖြေပေးခဲ့ပြီးဖြစ်သည်။ ထိုနည်းတူစွာ နိုင်ငံတကာ ပြည်တွင်းရေး ပြဿနာများတွင်လည်း နိုင်ငံအချို့၏ လက်နက်ကိုင်ပဋိပက္ခများ၊ ပြည်ထောင်စု နိုင်ငံအချို့၏ ပြိုကွဲမှုများသည် ယင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးကြန့်ကြာစေခဲ့သည်။ ပျက်စီးဆုံးရှုံးစေခဲ့သည်။

နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် အမျိုးသား စည်းလုံးညီညွတ်ရေးမရှိလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းနည်းပါးမည်ဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးတို့သည် တစ်ဆက်တစ်စပ်တည်း ပေါင်းစည်းဖြစ်ထွန်းပြီး အပြန်အလှန် အကျိုးပြုနေကြသည်။

မျက်မှောက်ကာလတွင် အမျိုးသားရေး တာဝန်တစ်ရပ်ကို ရိုးရှင်းပွင့်လင်းစွာ ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ယင်းတာဝန်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးဆီသို့ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ ဆက်လက်ချီတက်ကြရန်ဖြစ်သည်။ မူဝါဒလမ်းစဉ် (၇)ရပ် ပန်းတိုင်ဆီသို့ ရောက်ရှိရန် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စု စိတ်ဓာတ်တို့ဖြင့် ပါဝင်ချီတက်ကြမည် ဖြစ်သည်။

ယင်းအမျိုးသားရေးတာဝန်ကို ထမ်းဆောင်ရာတွင် နိုင်ငံတော်၏ ပကတိ အရှိတရားများဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝကို အခြေခံပြီး နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ရန်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံရေးဦးတည်ချက်၊ စီးပွားရေးဦးတည်ချက်၊ လူမှုရေးဦးတည်ချက် ၁၂ ရပ်ကို ချမှတ်ခံယူကျင့်သုံးပြီး နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဤတွင် နိုင်ငံရေးဦးတည်ချက်လေးရပ်ကို အဆင့်ဆင့် အကောင်အထည် ဖော်လာခဲ့ရာ နိုင်ငံတော်၏ မျက်မှောက်သမိုင်းခေတ်သည် မည်သည့်ခေတ်ကာလတွင်မျှ မရရှိခဲ့ဖူးသော တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတို့ကို နိုင်ငံနှင့် အဝန်း ကျယ်ပြန့်စွာ ရရှိနေသည်ကို အထင်အရှားတွေ့မြင်နေရပြီဖြစ်၏။ တစ်ဆက်တည်းမှာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် တိုင်းရင်းသားအဖွဲ့အစည်း ၁၇ ဖွဲ့နှင့် ငြိမ်းချမ်းရေး ရယူနိုင်သကဲ့သို့ ယင်းတိုင်းရင်းသား အဖွဲ့အစည်းများကလည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့နှင့်အတူ စည်းလုံးညီညွတ်စွာပူးပေါင်းပြီး နိုင်ငံတည်ဆောက်ရေး၊ ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများကို တက်ညီလက်ညီ ကျရာအခန်းကဏ္ဍမှ စိတ်တူကိုယ်မျှ ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်သည်။

တစ်ဆက်တည်းမှာပင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် နိုင်ငံ တည်ငြိမ်အေးချမ်းမှုကို ဖြစ်ထွန်းစေသကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံကောင်းများကို ရယူနိုင်ပြီး အမျိုးသားစီးပွားရေးဘဝတိုးတက်မှု အရှိန်အဟုန်များမြင့်မားလာမည် ဖြစ်သည်။

ယင်းအခြေခံတရားများနှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီသည် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ တရားဥပဒေ စိုးမိုးရေးကို ပထမဦးစွာ အကောင်အထည်ဖော်ဆောင်ရွက်ပြီး အချိန်နှင့်တစ်ပြေးညီ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ဤသို့အားဖြင့် နိုင်ငံတော်အစိုးရသည် အမျိုးသားရေးစွမ်းအားစုများ၏ စွမ်းဆောင်ရည်ကို အခြေခံပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ ညီညွတ်သော ပူးပေါင်းပါဝင် ဆောင်ရွက်မှုတို့ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ မျက်မှောက်ကာလတွင် နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးအခြေခံကောင်းများလည်း ရရှိနေပြီဖြစ်သည်။ ယင်းအပြင် အမျိုးသားစီးပွားရေး ဘဝ ဖွံ့ဖြိုးတိုးတက်မှု အခြေခံ အဆောက်အအုံများသည်လည်းကောင်း၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှု အခြေခံ အဆောက်အအုံများသည်လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာများ၊ စက်မှုနှင့်အတတ်ပညာများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများသည်လည်းကောင်း အကျိုးဆက်ရလဒ်များအဖြစ် မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်သည်။

တိုးတက်ဖြစ်ထွန်းမှုများအနက် အချို့ကို ရည်ညွှန်းကိုးကားတင်ပြရလျှင် စက်မှုလက်မှုကဏ္ဍတွင် ခေတ်မီစက်မှုကုန်ထုတ် လုပ်ငန်းများကို အခြေခံသော စီးပွားရေးဘဝ ဖြစ်ထွန်းလာစေရန် နိုင်ငံတော်ပိုင် စက်မှု

ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ပန်
ပြည်ထောင်စုစိတ်ဓာတ်ဖြင့်ဆက်လက်ချီတ

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော် ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထု အစည်းအဝေးကို ၂၀၀၃ ခုနှစ် အောက်တိုဘာ ၃ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့ ညဝတီ အားကစားကွင်း၌ ကျင်းပခဲ့ရာ တက်ရောက်လာ သော တိုင်းရင်းသားပြည်သူများက ဤသို့ တစ်ခဲနက် ထောက်ခံခဲ့ကြသည်။

လုပ်ငန်းကြီးများ၏ စွမ်းဆောင်မှုအ
စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးချဲ့
အလိုက် စက်မှုလုပ်ငန်းများ တိုးတက်
အခွင့်အလမ်းများ ပိုမိုရရှိစေရေးတို့အ
ပုဂ္ဂလိက စက်မှုဇုန်ကြီး ၁၉ ဇုန်ကို
တစ်ဖက်တွင်လည်း ကုန်ထုတ်လုပ်မှု
မြင့်မားသည့် ကုန်ပစ္စည်းများ၊ သွင်းက
တိုးချဲ့ထုတ်လုပ်နိုင်ရန် နိုင်ငံပိုင် စက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချ
ဩဂုတ်လ ၃၀ ရက်က ရန်ကုန်မြို့ ပြည်
ဝန်ကြီးဌာနများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ
စီးပွားရေး အသင်းအဖွဲ့များမှ ကိုယ်
နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ (
ဤသို့ ရှင်းလင်းပြောကြားခဲ့သည်။

ကောတု

စုစုပေါင်း ၂၅၇ ရုံကို ဖွင့်လှစ်ပေးပြီး
၂၄၂၉ ရုံကို တည်ထောင်ခဲ့သည်။
အလားတူပင် စက်မှုလက်မှုလုပ်
သကဲ့သို့ ပြည်သူတို့၏လူမှုဘဝ မြ
ဓာတ်အား အသုံးပြုမှုသည်လည်း ပို
ချက်နှင့် လိုက်လျောညီစေရန် လျှ
နိုင်ရေးအတွက် စနစ်တကျ ကြိုးပမ်း
ယင်းသို့ ကြိုးပမ်းစီစဉ်ဆောင်ရွက်လျက်
ဓာတ်အားသုံးစွဲမှုများမှာ ဓာတ်အားပ
၄၅ သန်း ရှိခဲ့ရာမှ ယနေ့ကာလတွင်
၂၀ သန်းအထိ အသုံးပြုလျက်ရှိရာ
ပြီဖြစ်သည်။ လျှပ်စစ်ဓာတ်အား ထုတ်
စက်ရုံများ၊ ရေနွေးငွေ့စက်ရုံများ၊ သ
ဒီဇယ်ဆီသုံးစက်ရုံများကို တိုးချဲ့တည်
မှု အင်အားသည် ၁၉၈၈ ခုနှစ်တွင်
ရှိခဲ့ပြီး ယနေ့ကာလတွင် မဂ္ဂါဝပ် ၁၂
နှစ်ဆနီးပါးတိုးတက်လာခဲ့သည်။ လျှပ်
ရေးအတွက် ရေအားလျှပ်စစ် စီမံကိန်
ဓာတ်အားပေးစက်ရုံစီမံကိန်း ခြောက်
နိုင်ခဲ့ပြီးဖြစ်သည်။ မဂ္ဂါဝပ် ၂၈၀ ထုတ်

လုပ်ငန်းကြီးများ၏ စွမ်းဆောင်မှုအရည်အသွေးကို မြှင့်တင်ပေးပြီး စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးခဲ့သည်။ ဒေသအလိုက် စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးတို့အတွက် ပြည်နယ်နှင့်တိုင်းများတွင် ပုဂ္ဂလိက စက်မှုဇုန်ကြီး ၁၉ ဇုန်ကို ထူထောင်ပေးခဲ့သည်။ အခြားတစ်ဖက်တွင်လည်း ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် အရည်အသွေးမြင့်မားသည့် ကုန်ပစ္စည်းများ၊ သွင်းကုန်အစားထိုး ကုန်ပစ္စည်းများကို တိုးချဲ့ထုတ်လုပ်နိုင်ရန် နိုင်ငံပိုင် စက်ရုံသစ်အကြီး၊ အသေး၊ အလတ်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်က ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ ဝန်ကြီးဌာနများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သောလူမှုရေး၊ စီးပွားရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား တွေ့ဆုံ၍ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် (၇)ရပ်နှင့်ပတ်သက်၍ ဤသို့ ရှင်းလင်းပြောကြားခဲ့သည်။

မ်းစဉ်(၇)ရပ်ပန်းတိုင်ဆီသို့ ှင့်ဆက်လက်ချီတက်ကြမည်

ကောတုနီလာ

စုစုပေါင်း ၂၅၇ ရုံကို ဖွင့်လှစ်ပေးပြီး ပုဂ္ဂလိကကဏ္ဍတွင် စက်ရုံပေါင်း ၂၄၂၉ ရုံကို တည်ထောင်ခဲ့သည်။

အလားတူပင် စက်မှုလက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာသကဲ့သို့ ပြည်သူတို့၏ လူမှုဘဝ မြင့်မားလာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အား အသုံးပြုမှုသည်လည်း ပိုမိုများပြားလာခဲ့ရာ ယင်းလိုအပ်ချက်နှင့် လိုက်လျောညီစေရန် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းနိုင်ရေးအတွက် စနစ်တကျ ကြိုးပမ်းစီစဉ်ဆောင်ရွက်လျက် ရှိသည်။ ယင်းသို့ ကြိုးပမ်းစီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ၁၉၈၈ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုများမှာ ဓာတ်အားယူနစ် သန်းပေါင်း ၂၂၂၆ ဒသမ ၄၅ သန်း ရှိခဲ့ရာမှ ယနေ့ကာလတွင် ယူနစ်သန်းပေါင်း ၅၀၆၄ ဒသမ ၂၀ သန်းအထိ အသုံးပြုလျက်ရှိရာ ၂ဒသမ၂၇ဆ တိုးမြှင့် သုံးစွဲနိုင်ခဲ့ပြီဖြစ်သည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် ရေအားလျှပ်စစ်စက်ရုံများ၊ ရေနွေးငွေ့စက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံး စက်ရုံများ၊ ဒီဇယ်ဆီသုံးစက်ရုံများကို တိုးချဲ့တည်ဆောက်နိုင်ခဲ့ခြင်းဖြင့် စက်တပ်ဆင်မှု အင်အားသည် ၁၉၈၈ ခုနှစ်တွင် မဂ္ဂါဝပ် ၇၀၆ ဒသမ ၈၂ မဂ္ဂါဝပ် ရှိခဲ့ပြီး ယနေ့ကာလတွင် မဂ္ဂါဝပ် ၁၂၁၉ ဒသမ ၈၁ မဂ္ဂါဝပ်ရှိလာခဲ့ရာ နှစ်ဆနီးပါးတိုးတက်လာခဲ့သည်။ လျှပ်စစ်ဓာတ်အား တိုးတက် ထုတ်လုပ်ရေးအတွက် ရေအားလျှပ်စစ် စီမံကိန်း ၂၈ခု၊ သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ခြောက်ခုကို တိုးတက်တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်မည့် ပေါင်းလောင်းရေအား

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့

ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

လျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်မည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းများအပါအဝင် လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း ၁၁ ခုကို အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ ယင်းစက်ရုံစီမံကိန်း ၁၁ ခု အကောင်အထည် ပေါ်လာသည့် အခြေအနေတွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၉၆၀ ကျော် ထပ်မံ ထွက်ရှိလာမည်ဖြစ်ကြောင်း လေ့လာသိရှိရသည်။

နိုင်ငံတော်၏ အခြေခံကျသော စပါးစိုက်ပျိုးရေးတွင် ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များဖြင့် အထွက်တိုးမျိုးကောင်းမျိုးသန့်များ အသုံးပြုရေးအပြင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းပြီး လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုခဲ့သဖြင့် ၁၉၈၈ ခုနှစ်က တစ်နိုင်ငံလုံး စပါးတင်းသန်း ၆၃၀ တင်းမျှသာ ထွက်ရှိခဲ့ရာမှ ယနေ့ကာလတွင် စပါးတင်းသန်းပေါင်း ၁၀၀၀ ထွက်ရှိလာခဲ့ပြီဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် စိုက်ပျိုးရေရရှိနိုင်ရန် ဆည်မြောင်းတာတမံစီမံကိန်းပေါင်း ၁၅၀ ကျော်နှင့် ရေမရရှိနိုင်သည့် ဒေသများတွင် မြစ်ရေတင်စီမံကိန်း ပေါင်း ၂၆၅ ခုကိုပါ တည်ဆောက်ပေးနိုင်ခဲ့သဖြင့် စိုက်ပျိုးမြေဧကပေါင်း နှစ်သန်းကျော်တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး ဖြစ်သည်။ ယနေ့ကာလတွင် ဆည်မြောင်းတာတမံစီမံကိန်း ၃၉ ခုကို တည်ဆောက်နေသကဲ့သို့ စီမံကိန်း ၈၄ ခုကိုလည်း ဆက်လက် အကောင်အထည်ဖော်တည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်။

ယင်းအပြင် တိုင်းရင်းသား အဖွဲ့အစည်း ၁၇ ဖွဲ့ အပါအဝင် အစုအဖွဲ့များစွာဖြင့် ငြိမ်းချမ်းရေးရယူပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို စနစ်တကျစီမံကိန်းများ ချမှတ်ပြီး ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ယနေ့ကာလတွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် ပြည်နယ်ခုနစ်ခု တိုင်းနှစ်ခုရှိ မြို့နယ် ၆၈ မြို့နယ် ပါဝင်သည့် ဒေသ ၁၈ ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နယ်မြေဒေသ ဧရိယာစတုရန်းမိုင် စုစုပေါင်း ၈၃၄၁၅ ဒသမ ၃၄ ကို လွှမ်းခြုံထားနိုင်သကဲ့သို့ ဒေသနေ တိုင်းရင်းသား ပြည်သူပေါင်း ၅ ဒသမ ၃ သန်းကျော်တို့ကိုလည်း ပံ့ပိုးဖြည့်ဆည်းမှုများ ကျယ်ပြန့်စွာဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်၏ ဖြစ်ထွန်းတိုးတက်မှုများသည် အချိန်နှင့် တစ်ပြေးညီဖြစ်တည်ရှင်သန်လျက်ရှိသည်ကို မည်သို့မျှ ငြင်းပယ်၍ မရနိုင်ပေ။ နိုင်ငံတော်၏ လက်ရှိ အခြေအနေများအရ အမျိုးသား နိုင်ငံရေး၏ ဖြစ်ပေါ်တိုးတက်မှုပေါ်တွင် အခြေခံပြီး အေးချမ်းသာယာသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးသည် အလှမ်းမဝေးတော့ပြီဟု ဆိုရမည်ဖြစ်သည်။

ထို့ကြောင့်ပင် နိုင်ငံတော် အစိုးရသည် ရရှိထားပြီးဖြစ်သည့် ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟူသော နိုင်ငံရေးဘဝနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းလာသော စီးပွားရေးဘဝတို့ကို အခြေခံ၍ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ရိုးရှင်းပွင့်လင်းစွာ ချမှတ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်မှာ–

ပထမအဆင့် – **၁၉၉၆ ခုနှစ်က စတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသား ညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း၊**

ဒုတိယအဆင့် – **အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း၊**

တတိယအဆင့် – **အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခြင်း၊**

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မုန်းဟင်မုန်းဟဒေသ တိုင်းရင်းသားအဖွဲ့အား ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်က ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

စတုတ္ထအဆင့် – **ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုခြင်း၊**

ပဉ္စမအဆင့် – **ဖွဲ့ စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်း၊**

ဆဋ္ဌမအဆင့် – **ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော် အစည်းအဝေးများ ကျင်းပခြင်း၊**

သတ္တမအဆင့် – **လွှတ်တော်မှ ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်မှ ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့်အာဏာပိုင် အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ခြင်း**

တို့ ဖြစ်ကြသည်။

ယင်းလမ်းစဉ်မူဝါဒ (၇)ရပ်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ အနာဂတ် အလင်းရောင်မီးရှူးတန်ဆောင်လည်းဖြစ်သည်။ မြန်မာတိုင်းရင်းသား ပြည်သူတို့၏ အနာဂတ်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံတော်သစ်သို့ သွားရမည့် လမ်းကြောင်းလည်း ဖြစ်သည်။ ယင်းလမ်းကြောင်းပေါ်တွင် တိုင်းရင်းသားပြည်သူတို့က မြဲမြံခိုင်ကျည်သော ခြေလှမ်းတို့ဖြင့် လျှောက်လှမ်းကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ မျက်မှောက်ကာလ အခြေအနေကောင်းများဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အရ ၁၉၉၆ခုနှစ်က စတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပနိုင်ရန် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီတို့ကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဖြစ်သကဲ့သို့ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးကလည်း မူဝါဒလမ်းစဉ် (၇)ရပ်ကို ပြည်နယ်နှင့် တိုင်းဒေသများအလိုက် ထောက်ခံခဲ့ကြသည့်အပြင် တစ်နိုင်ငံလုံးကို ကိုယ်စားပြုထောက်ခံသော ပုဂ်လူထု အစည်းအဝေးကြီး ကျင်းပ၍လည်း တစ်ခဲနက် ထောက်ခံခဲ့ကြပြီးဖြစ်သည်။

ယခုအခါ နိုင်ငံတော်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ရိုးရှင်းပွင့်လင်းစွာ ထုတ်ဖော်ကြေညာထားပြီးဖြစ်ပါသည်။ အဆိုပါ မူဝါဒလမ်းစဉ် (၇)ရပ်သည် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံးက မမိုတ်မသုန်ဦးတည်ချီတက်ကြရမည့် ခရီးလမ်းပင်ဖြစ်ပါသည်။ တိုင်းချစ်ပြည်ချစ်စိတ်ရှိသော တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် အပြည့်အဝဖြင့် ထိုခရီးလမ်းတစ်လျှောက် တည့်မတ်ဖြောင့်ဖြူးစွာ လျှောက်လှမ်းကြရန်ဖြစ်ပါသည်။

ချုပ်၍ဆိုရလျှင် နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ် (၇)ရပ်ဖြစ်သော နိုင်ငံတော်လမ်းပြမြေပုံ (Road Map) သည် တစည်းတလုံးတည်းရှိသော တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက အခိုင်အမာယုံကြည်စွာ လျှောက်လှမ်းမည့် လမ်းကြောင်းမှန်ဖြစ်သည်နှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုဖြင့် ယုံကြည်ရဲရင့်စွာ လျှောက်လှမ်းခြင်းဖြင့် အနာဂတ်ကာလတွင် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော်သစ်ကြီးအဖြစ်သို့ ရောက်ရှိမည်မှာ မလွဲဧကန် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသတည်း။ ။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၁၁ ရက်က မြင်းခြံမြို့ရှိ မြင်းခြံဒီဂရီကောလိပ် ပင်မဆောင်ခန်းမ၌ မြင်းခြံဒီဂရီကောလိပ်နှင့်အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ) ပင်မဆောင်များဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

▼ မွန်မြတ်လှသည့်မှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဖော်မင်းနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် လိုက်ပါလျက် မြင်းခြံမြို့သို့ ရောက်ရှိကြသည်။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် မန္တလေးတိုင်း မြင်းခြံမြို့၌ ပညာရေးဝန်ကြီးဌာနက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပြီးစီးသွားသည့် မြင်းခြံ ဒီဂရီကောလိပ် ပင်မဆောင်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၉နာရီတွင် အဆိုပါဒီဂရီကောလိပ်၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြင်းခြံဒီဂရီကောလိပ် ကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ သရုပ်ပြများ၊ နည်းပြများ၊ ကျောင်းသား ကျောင်းသူများ၊ မင်္ဂလာစည်တော်အဖွဲ့များ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြင်းခြံဒီဂရီကောလိပ်မုခ်ဦး ဆိုင်းဘုတ်ဖွင့်ပွဲကို ဒီဂရီကောလိပ်အဝင်မုခ်ဦး၌ စတင်ကျင်းပရာ မြင်းခြံဒီဂရီကောလိပ်မှ ကျောင်းသားကျောင်းသူများက ရွှေကြိုးဆွဲ၍ မြင်းခြံဒီဂရီကောလိပ် မုခ်ဦးဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြင်းခြံဒီဂရီကောလိပ် ပင်မဆောင်ဖွင့်ပွဲကို ပင်မဆောင်ရှေ့၌ကျင်းပရာ မြင်းခြံဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက ဖဲကြိုးဖြတ်၍ မြင်းခြံဒီဂရီကောလိပ် ပင်မဆောင်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပင်မဆောင်ရှေ့၌ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြင်းခြံဒီဂရီကောလိပ်ပင်မဆောင် ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ပင်မဆောင်ပရဝဏ်အတွင်း၌ ကံ့ကော်၊ ခရေနှင့် ပိတောက်ပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပင်မဆောင်ကမ္ပည်းမော်ကွန်းကျောက်ပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပင်မဆောင်ကမ္ပည်းမော်ကွန်းကျောက်ပြားကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး အစီအစဉ်ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မြင်းခြံဒီဂရီကောလိပ်နှင့်အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ) ပင်မဆောင်များဖွင့်ပွဲ အစီအစဉ်ကို မြင်းခြံဒီဂရီကောလိပ် ပင်မဆောင်ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ကြီးကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (ယနေ့) ပြည်ထောင်စုနေ့ အကြိုနေ့ရက်ကာလတွင် မြင်းခြံဒီဂရီကောလိပ်နှင့်အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)တို့၏ သစ်လွင်ခံ့ညားထည်ဝါသည့် ပင်မအဆောက်အအုံသစ်ကြီးများကို ဖွင့်လှစ်ပေးနိုင်ခြင်းသည် ပြည်ထောင်စုကြီး၏နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ညီညွတ်မျှတစွာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့် နိုင်ငံတော်အစိုးရ၏ ဖြူစင်မှန်ကန်သော အမျိုးသားရေးသန္နိဋ္ဌာန်စိတ်ဓာတ်က ပေါက်ဖွားဖြစ်ထွန်းလာသည့် အကျိုးရလဒ်ကောင်းများပင်ဖြစ်သည်ဟု ပထမဦးစွာပြောကြားလိုကြောင်း။

တက်ကြွစွာပူးပေါင်း

ဤကဲ့သို့မွန်မြတ်လှသည့် ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ကြီးကိုဂုဏ်ပြုကြိုဆိုပြီး တည်ဆောက်ဖွင့်လှစ်ပေးလိုက်သည့် သစ်လွင်ခံ့ညားထည်ဝါသော ပင်မအဆောက်အအုံသစ်ကြီးနှင့်တကွ အဆင့်အတန်းမြင့်မားသည့် စာသင်ဆောင်များ၊ နိုင်ငံတကာအဆင့်မီ သင်ကြားမှုသင်ယူမှု စာသင်ခန်းများတွင် စိတ်အေးချမ်းမြေ့စွာ အဆင့်မြင့်ပညာရပ်များဆည်းပူး လေ့လာသင်ကြားခွင့်ရရှိကြသည့် ကျောင်းသူ ကျောင်းသားလူငယ်များအနေဖြင့် ပြည်ထောင်စုကြီး၏ အနှစ်သာရနှင့်ဂုဏ်ဒြပ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၏စွမ်းပကားနှင့်တန်ဖိုးကို ပိုမိုသိမြင်ခံစားတတ်လာသည်နှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကြိုးပမ်းဆောင်ရွက်မှုများတွင် ပိုမိုတက်ကြွထက်သန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်လာကြမည်မှာ ဧကန်အမှန်ပင်ဖြစ်ကြောင်း။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ကြီး၏အကြိုကာလများတွင် ရန်ကုန်တိုင်းအတွင်းက ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်၊ ကရင်ပြည်နယ်အတွင်းက ဘားအံတက္ကသိုလ်တို့ကို ဖွင့်လှစ်ပြီးနောက် ကချင်ပြည်နယ်အတွင်းက မိုးညှင်းဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း) တို့နှင့်အတူ ယနေ့ မန္တလေးတိုင်းအတွင်းတွင် မြင်းခြံဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)တို့တွင် သစ်လွင်ခံ့ညားထည်ဝါသည့် အဆောက်အအုံသစ်ကြီးများ၊ နိုင်ငံတကာအဆင့်မီ သင်ကြားမှု သင်ယူမှုအထောက်အကူပြု ခေတ်မီပစ္စည်းကိရိယာများ ပြည့်ပြည့်စုံစုံနှင့် နိုင်ငံတကာ တက္ကသိုလ်၊ကောလိပ်၊ သိပ္ပံများ၏ ဂုဏ်အင်္ဂါရပ်များ လျော်ညီထိုက်တန်သည့် အဆောက်အအုံများကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။



ဖေဖော်ဝါရီ ၁၁ရက်က မြင်းခြံမြို့ မြင်းခြံဒီဂရီကောလိပ် အဝင်မုခ်ဦး ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားတွင် မြင်းခြံဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဤကဲ့သို့ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများအဖြစ် အစီအရီ ရှေ့ဆင့်နောက်ဆင့် ဖြစ်ထွန်းပေါ်ပေါက်လာခြင်းသည် မိမိနိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားလူမျိုးများအားလုံးအပေါ်တွင် သာစေ နာစေမရှိ ရင်၌ဖြစ်သော သားသမီးများသဖွယ် မျှတစွာ အလေးထားပြုစုပျိုးထောင်ပေးနေသည့် နိုင်ငံတော်အစိုးရ၏ ဖြူစင်မွန်မြတ်သည့် စေတနာစိတ်ထားကို ဖော်ညွှန်းပြသနေခြင်းဖြစ်ပါသည်ဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

အလားတူပင် ဤကဲ့သို့ ပြည်ထောင်စုကြီးတစ်ခွင်လုံး ဖြန့်ကြက်တည်ဆောက်ပေးနေသည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများတွင် စိတ်အေးချမ်းမြေ့စွာ ပညာသင်ကြားခွင့်ရရှိကြသည့် ကျောင်းသူ ကျောင်းသားများသည်လည်း အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ်ဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံးတွင် ဖြန့်ကြက်ပေါ်ထွန်းလာတော့မည် ဖြစ်သည့်အတွက် ပြည်ထောင်စုကြီးတစ်ရပ်လုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာ့အလယ်၌ ဂုဏ်သိက္ခာမြင့်မားထည်ဝါစွာဖြင့် ရင်ပေါင်တန်းရပ်တည်နိုင်စေရေးနှင့် မှန်းဆမရနိုင်သည့် အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်နေသည့် နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှု အဖုံဖုံတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေး အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်စေရေးတို့ကို အနာဂတ်ကာလတိုင် ဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများကို တစ်မျိုးသားလုံး၏ စုပေါင်းစွမ်းပကားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

အမျိုးသားရေးလိုအပ်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော် ချစ်ကြည်စည်းလုံးစွာ လက်တွဲပေါင်းယှက်နေထိုင်လျက်ရှိကြသည့် ပြည်ထောင်စုကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲစွာဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မြင့်မားခိုင်ကျည်စေရန်၊ ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်း ဒေသများအားလုံး တည်ငြိမ်အေးချမ်းသာယာပြီး တိုင်းရင်းသားလူမျိုးများအားလုံး မျှတစွာဖွံ့ဖြိုး တိုးတက်စေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရန်သည် အခြေခံအကျဆုံးသော အမျိုးသားရေးလိုအပ်ချက်များပင်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒေသခံတိုင်းရင်းသားပြည်သူစများလူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေးတို့ကို လက်တွေ့ဖော်ဆောင်ပေးနိုင်မည့် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနယ်ပယ်ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို ပြည်ထောင်စုကြီးတစ်ခွင်လုံးတွင် ဖြန့်ကြက်ပြီးတည်ဆောက်ထူထောင်ပေးလျက်ရှိကြောင်း။

ဤသို့ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍစုံတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခု၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ကျေးလက်အစွန်အဖျားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ စနစ်တကျပေါင်းစပ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

စနစ်တကျစီမံ

ထို့အပြင် ပြည်ထောင်စုကြီး၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ထူးထူးခြားခြား ထိထိရောက်ရောက် မြှင့်တင်ပေးနိုင်မည့် လမ်းမကြီးများ၊ မြစ်ကူးတံတားကြီးများ တည်ဆောက်ရေး၊ ရေအားလျှပ်စစ်လုပ်ငန်းများ၊ စွမ်းအင်ကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများ စသည့်အထူးစီမံကိန်းကြီးများကိုလည်း နိုင်ငံတစ်ဝန်းလုံးတွင် စနစ်တကျဖြန့်ကြက်စီမံ တည်ဆောက်ပေးလျက်ရှိကြောင်း။

ထို့မျှမက ယင်းကဲ့သို့ ဖွံ့ဖြိုးရေးစီမံကိန်းနယ်မြေများတွင် အကျုံးမဝင်သော်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နယ်မြေကဏ္ဍများအားလုံး ဆက်စပ်မိစေရေးတွင် အချက်အချာကျသည့် ကွင်းဆက်သဖွယ်ရှိနေသည့် နေရာဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို စီမံချမှတ်တည်ဆောက်ပေးလျက်လည်းရှိသည့်အတွက် ယခုကဲ့သို့ ကချင်ပြည်နယ်၊ မိုးညှင်းဒေသ၊ မန္တလေးတိုင်းက ဤမြင်းခြံဒေသတို့ကဲ့သို့ နေရာဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံတည်ထောင်နိုင်ရေးတွင် မိမိနိုင်ငံအတွင်း စက်မှုနှင့်နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဝိဇ္ဇာနှင့်သိပ္ပံဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ ပြုစုပျိုးထောင်မွေးထုတ်နိုင်မှသာလျှင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ တစ်နည်းပြောရလျှင် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အဆင့်တွင်ရော ဒေသဆိုင်ရာအဆင့်မှာပါ စနစ်တကျစီမံဆောင်ရွက်ပေးရန် အထူးလိုအပ်မည်ဖြစ်ကြောင်း။ ***စာမျက်နှာ ၁၁ ကော်လံ ၁***

စာမျက်နှာ ၁၀ မှ

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အတွင်း အဆင့်မြင့်သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ထွန်းကားရေး၊ နိုင်ငံသူ နိုင်ငံသားအားလုံး ပညာရည်မြင့်မားရေး၊ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရေးတို့ကိုမျှော်မှန်းပြီး ပြည်ထောင်စုကြီးတစ်ခွင်လုံးတွင် ပညာရေးအခွင့်အလမ်းများ မျှတစွာဖြန့်ကြက်ပေါ်ထွန်းလာစေရန် ပညာရေးစီမံကိန်းအဆင့်ဆင့်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

နယ်မြေဒေသလိုအပ်ချက်အရသော်လည်းကောင်း၊ ပညာရပ်အလိုက်သော်လည်းကောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများကို တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး တိုးချဲ့ထူထောင်ပေးလျက်ရှိသည့်အတွက် ၁၉၈၈ ခုနှစ်ကာလက တစ်နိုင်ငံလုံးတွင် တက္ကသိုလ်နှင့် ကောလိပ်ပေါင်း ၃၂ခုသာရှိခဲ့ရာက ယခုဆိုလျှင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၄ခုအထိ ရှိနေပြီဖြစ်ကြောင်း။

နည်းပညာကဏ္ဍမှာဆိုလျှင်လည်း ယခင်ခေတ်ကာလက နည်းပညာတက္ကသိုလ်တစ်ခု၊ ကွန်ပျူတာတက္ကသိုလ်တစ်ခုနှင့် စက်မှုလက်မှုသိပ္ပံ၁၂ခုသာရှိခဲ့ရာက ယခုဆိုလျှင် နည်းပညာတက္ကသိုလ် သုံးခု၊ ကွန်ပျူတာတက္ကသိုလ်နှစ်ခု၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် စသည့် တက္ကသိုလ်စုစုပေါင်းခုနစ်ခု၊ အစိုးရနည်းပညာကောလိပ် ၂၆ခု၊ အစိုးရကွန်ပျူတာကောလိပ် ၂၄ခုနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ ၁၁ခုထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

အိုးမကွာအိမ်မကွာသင်နိုင်

မြင်းခြံဒေသအနေဖြင့်ကြည့်မည်ဆိုလျှင် မြင်းခြံဒေသက ကျောင်းသူကျောင်းသား လူငယ်များအနေဖြင့် ယခင်အခါက အဆင့်မြင့်ပညာ သင်ကြားရေးအတွက် အခြားသောဒေသများကို သွားရောက်ပညာသင်ကြားနေရရာက ယခုဆိုလျှင် မြင်းခြံဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)တို့ တစ်ပြိုင်တည်း ပေါ်ထွန်းလာခဲ့ပြီဖြစ်သည့်အတွက် အဆင့်မြင့်ပညာရပ်များကို စိတ်အေးချမ်းမြေ့စွာ စရိတ်စကသက်သာစွာဖြင့် အိုးမကွာအိမ်မကွာ သင်ကြားနိုင်သည့် အခွင့်အလမ်းများ ဖြစ်ထွန်းလာခဲ့ပြီလည်းဖြစ်ကြောင်း။

အခြေခံပညာကဏ္ဍ၌ ကြည့်မည်ဆိုလျှင်လည်း ယခင်ခေတ်ကာလက မြင်းခြံခရိုင်အတွင်း မူလတန်းကျောင်း ၆၄၇ကျောင်း၊ အလယ်တန်းကျောင်း ၃၂ကျောင်းနှင့် အထက်တန်းကျောင်း၁၀ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၆၈၉ကျောင်းသာရှိခဲ့ရာက ယခုဆိုလျှင် ကျောင်းပေါင်း ၂၃၅ ကျောင်း တိုးတက်လာခဲ့သည့်အတွက် အခြေခံပညာကျောင်းပေါင်း ၉၂၄ ကျောင်း ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဤအခြေခံပညာကျောင်းများတွင် ပညာသင်ယူဆည်းပူးကြသည့် ကျောင်းသူကျောင်းသားများ အရေအတွက်သည်လည်း ယခင်က ၁၃၀၀၀၀ ကျော်သာရှိခဲ့ရာက ယခုဆိုလျှင် ၄၀၀၀၀နီးပါး တိုးပွားလာခဲ့သဖြင့် အခြေခံပညာ ကျောင်းသူကျောင်းသား ၁၇၀၀၀၀ ကျော် ရှိလာခဲ့ပြီဖြစ်သည်ကို တွေ့ရကြောင်း။

ဤသို့ မိမိရပ်ရွာ မိမိဒေသအတွင်း ပညာရေးဆိုင်ရာ အခြေခံကောင်းများ တိုးပွားဖြစ်ထွန်းနေသည့် အခြေအနေ အချိန်အခါတွင် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများအားလုံးက နိုင်ငံတော်အစိုးရ၏ ပညာရေးကဏ္ဍဆိုင်ရာ မျှော်မှန်းချက်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ရည်မှန်းချက်များကို သိမြင်ပြီး မိမိတို့ဒေသအတွင်း နိုင်ငံတကာအဆင့်မီ ထူးချွန်ထက်မြက်သည့် အသိပညာရှင် အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်သည်ဟု ပြောကြားလိုကြောင်း။

ကြိုးစားအားထုတ်

အထူးသဖြင့် ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် မိမိတို့မျက်မှောက်တွင် နေ့ချင်းညချင်း ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည့် မြင်းခြံဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)တို့နှင့်တကွ သစ်လွင်ခံ့ညားထည်ဝါသော ကောလိပ်နှင့် သိပ္ပံအဆောက်အအုံများ၊ နိုင်ငံတကာအဆင့်မီ သင်ကြားမှု သင်ယူမှုအထောက်အကူပြုစာသင်ခန်းများကို အကျိုးရှိထိုက်တန်စွာ အသုံးပြုပြီး အဆင့်မြင့်ပညာရပ်များကို စိတ်အေးချမ်းမြေ့စွာ ဆည်းပူးသင်ယူသွားကြပါ၊ မိမိတို့မျိုးဆက်သစ် လူငယ်များအပေါ် နိုင်ငံတော်ကထားရှိသည့် မွန်မြတ်မြင့်မားသည့် မေတ္တာစေတနာနှင့် မျှော်မှန်းချက်များကို နားလည်သဘောပေါက်ပြီး ဤမေတ္တာစေတနာ မျှော်မှန်းချက်များနှင့်အညီ ထူးချွန်ထက်မြက်သည့် အသိပညာရှင် အတတ်ပညာရှင်များ ဖြစ်လာစေရအောင် ကြိုးစားအားထုတ်သွားကြပါဟု မှာကြားလိုကြောင်း။

မိမိတို့တတ်သိအပ်သည့် ပညာများကို ပြည့်ပြည့်ဝဝ ကျွမ်းကျင်တတ်မြောက်ပြီး စွမ်းဆောင်ရည်မြင့်မားသည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ ဖြစ်လာသည့်အချိန်အခါတွင်လည်း နိုင်ငံတော်၏ မျှော်မှန်းချက်နှင့်အညီ မိမိရပ်ရွာ မိမိဒေသတွင်သာမကဘဲ မိမိပြည်ထောင်စုတစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရအောင် စွမ်းဆောင်ပေးနိုင်သော ပုဂ္ဂိုလ်များဖြစ်လာရန်ကို ကြိုးစားအားထုတ် လေ့လာဆည်းပူးသွားကြပါဟု တစ်ဆက်တည်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ အလွန်ခံ့ညားထည်ဝါစွာ ပေါ်ထွန်းလာပြီဖြစ်သည့် မြင်းခြံဒီဂရီကောလိပ်နှင့် စက်မှုလက်မှုသိပ္ပံကျောင်းတော်ကြီးများမှသည် မိမိရပ်ရွာ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိနိုင်ငံမိမိလူမျိုး နိုင်ငံတကာ့အလယ်တွင် တင့်တင့်ထည်ထည် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်ရေးတို့အတွက် စွမ်းစွမ်းတမံ ကြိုးပမ်းစွမ်းဆောင် မြှင့်တင်ပေးနိုင်မည့် ထူးချွန်ထက်မြက်သော တိုင်းကျိုးပြည်ဆောင် အသိပညာရှင် အတတ်ပညာရှင်များ ဖြစ်လာစေရအောင် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်စေရအောင် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများအားလုံးက နိုင်ငံတော်၏ မျှော်မှန်းချက်နှင့်အညီ တက်ညီလက်ညီ ကြိုးစားအားထုတ်သွားကြပါဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်က ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ယခုကာလတွင် အမျိုးသားပညာရည်မြင့်မားရေး နှစ်ရှည်စီမံကိန်းချမှတ်ပြီး ပညာရေးဝန်ကြီးဌာနသာမက ကျန်းမာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများအောက်ရှိ အဆင့်မြင့်ပညာကဏ္ဍများကိုပါ ထည့်သွင်းစီမံ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလဖြစ်ကြောင်း။

အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် ၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံးတွင် တက္ကသိုလ်၊ ကောလိပ် ၃၂ခုရှိခဲ့ရာက ယခုဆိုလျှင် ပြည်နယ်နှင့်တိုင်းအားလုံးတွင် ဖြန့်ကြက်ပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၅၄ ခုအထိ တိုးတက်ဖြစ်ထွန်းလာပြီဖြစ်ကြောင်း။

၁၉၈၈ ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ် ကျောင်းသူ၊ ကျောင်းသား တစ်သိန်းသုံးသောင်းကျော်ရှိခဲ့ရာက ယခုအခါ တက္ကသိုလ်၊ ဒီဂရီကောလိပ် ကျောင်းသူ ကျောင်းသား ရှစ်သိန်းကိုးသောင်းကျော် ရှိလာခဲ့ပြီဖြစ်ကြောင်း။

သင်ကြားရေးအပိုင်းတွင်လည်း ၁၉၈၈ခုနှစ်က ပါမောက္ခမှ နည်းပြအဆင့်အထိ တက္ကသိုလ် ဆရာ ဆရာမပေါင်း ၆၀၀၀ ကျော်သာရှိခဲ့ရာက ယခုဆိုလျှင် ၁၇၀၀၀ကျော်အထိ တိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို တွေ့ရပါကြောင်း။

၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း မဟာဝိဇ္ဇာအဆင့်အထိသာ ပေးနိုင်ခဲ့သော်လည်း ယခုအခါ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များအနေဖြင့် မဟာသုတေသနဘွဲ့ ၁၈ မျိုး၊ မဟာဘွဲ့ မျိုး ၄၀၊ ပါရဂူဘွဲ့ မျိုး ၂၀ အပါအဝင် ဒီပလိုမာနှင့် ဘွဲ့အမျိုးအစားပေါင်း ၃၁၆ ခုအထိ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့သင်ကြား လေ့ကျင့်ပေးနိုင်ပြီဖြစ်ကြောင်း။

၁၉၉၈ ခုနှစ်ကစပြီး ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်တိုင်းတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများကို တည်ထောင်ဖွင့်လှစ်ပြီး တက္ကသိုလ်ပရဝုဏ်တစ်ခု စနစ်ပေါင်းစုံစနစ် (One campus multi system) ကျင့်သုံးခဲ့ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများတွင် ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်ရ သင်တန်းအမျိုးအစား ၁၅၉မျိုး ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားပေါင်း ၉၃၀၂၀ဦး မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း။

ဆေးဘက်ဆိုင်ရာဆေးတက္ကသိုလ်များတွင်လည်း မဟာဘွဲ့နှင့် ပါရဂူဘွဲ့ အမျိုး ၉၀၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် မဟာဘွဲ့နှင့် ပါရဂူဘွဲ့ ၇၃မျိုးကိုလည်း တိုးချဲ့သင်ကြားပေးနေပြီဖြစ်ကြောင်း။

အမျိုးသားပညာရည်မြင့်မားရေးအစီအစဉ်အရ မြင်းခြံဒီဂရီကောလိပ်တွင် IT Centre ခြောက်ခန်း ဖွင့်လှစ်ထားရှိပြီး ကျောင်းသား ကျောင်းသူများကို သင်ကြားပေးလျက်ရှိကြောင်း၊ Language Lab တွင်လည်း ကျောင်းသား ကျောင်းသူ ၄၈ဦးကို တစ်ပြိုင်တည်း လေ့ကျင့်သင်ကြားပေးနိုင်ကြောင်း၊ VSAT, e-mail တို့ကိုလည်း ချိတ်ဆက်ပြီး အသုံးပြုနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာကြားချက်အရ မြင်းခြံဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)တို့ကို တည်ဆောက်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ယခုဒီဂရီကောလိပ် ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် အဆောက်အအုံမြေနေရာ ရွေးချယ်သည့်အချိန်မှစ၍ ပင်မဆောင်များ ဖွင့်လှစ်သည့် ကာလအထိ အမြဲမပြတ် ကြီးကြပ်စစ်ဆေးခြင်း၊ လမ်းညွှန်မှာကြားခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ကြိုးစားပညာသင်

နိဂုံးချုပ်အနေဖြင့် မြင်းခြံဒီဂရီ ကောလိပ် ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်က မျှော်မှန်းထားသည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်ကြီး ဖြစ်ထွန်းလာအောင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် သယ်ပိုးထမ်းဆောင်ကြမည့် ပညာရှင်များဖြစ်လာအောင် ကျောင်းသား ကျောင်းသူများကို လေ့ကျင့်ပျိုးထောင်ပေးကြပါ၊ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း မိမိဒေသကို အကျိုးပြုပြီး နိုင်ငံတော်ကို အထောက်အကူပြုမည့် ပညာတတ်များ၊ နိုင်ငံသားကောင်းများဖြစ်လာအောင် ကြိုးစားပြီး ပညာသင်ကြားကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။ ဆက်လက်၍ မြင်းခြံဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများကိုယ်စား ပထမနှစ်ဓာတုဗေဒအထူးပြုကျောင်းသူမသီတာလင်းက ဂါရဝပြု ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)မှ ကျောင်းသား ကျောင်းသူများကိုယ်စား ပထမနှစ်မြို့ပြအထူးပြုကျောင်းသူ မခင်နွယ်နွယ်ဦးက ဂါရဝပြု ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ပင်မဆောင်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဂါရဝပြုလက်ဆောင်ကို ဒေးအုပ်စုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာဦးချစ်ခိုင်က ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ဒေးအုပ်စုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က မြင်းခြံဒီဂရီကောလိပ် ငွေပဒေသာပင်အတွက် ငွေကျပ်သိန်း၁၅၀ နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (မြင်းခြံ) ငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၅၀ တို့ကို ပေးအပ်လှူဒါန်းသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့် အဖွဲ့ဝင်များသည် မြင်းခြံ ဒီဂရီကောလိပ် ပင်မဆောင်ဖွင့်ပွဲအထိမ်းအမှတ် စာအုပ်ပြပွဲ၌ ခင်းကျင်းပြသထားသော မြင်းခြံဒီဂရီကောလိပ် ဆရာ ဆရာမများ၏ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာသုတေသနဘွဲ့ယူကျမ်းများ၊ သုတေသနစာတမ်းများ၊ ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဘာသာရပ်ဆိုင်ရာ ကိုးကားစာအုပ်များ၊ စာတမ်းများ၊ မဂ္ဂဇင်းများ၊ ပညာရေးစီမံကိန်းဆိုင်ရာ စာအုပ်စာတမ်းများကို ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် IT ကုမ္ပဏီများက ခင်းကျင်းပြသထားသော ကွန်ပျူတာနှင့်ဆက်စပ်သည့် နည်းပညာအသစ်များ၊ ကျောင်းသား ကျောင်းသူများနှင့်သက်ဆိုင်သည့် Software နှင့် Hardware များ သင်ကြားမှု၊ သင်ယူမှု အထောက်အကူပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၁ ရက်က မြင်းခြံမြို့ မြင်းခြံဒီဂရီကောလိပ် ပင်မဆောင်ရှေ့တွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄ ခုနှစ် (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်အားကစားပြိုင်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဖွင့်လှစ်ပေး

အစီအစဉ်အရ ရှေးဦးစွာ ပြိုင်ပွဲဝင် အသင်းများကွင်းအတွင်း သတ်မှတ်နေရာ၌ နေရာယူကြပြီး ယမန်နှစ် ချန်ပီယံအသင်းများဖြစ်ကြသော ဧရာဝတီတိုင်း အမျိုးသားအသင်းနှင့် မန္တလေးတိုင်း အမျိုးသမီးအသင်းများတို့က မိမိတို့ရရှိခဲ့ကြသော ချန်ပီယံဒိုင်းဆုကြီးများကို ပြန်လည်အပ်နှံကြရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လက်ခံပြီး အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင် အသင်းများ အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး အားကစားပြိုင်ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြကာ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း မင်္ဂလာတောင်ညွန့်မြို့နယ်မှ ကျောင်းသူကလေးများက ဘင်ခရာ သရုပ်ပြကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်း၍ ယနေ့ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက် ယှဉ်ပြိုင်ကစားကြသည်။

၁၃သင်း ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲကို ယနေ့မှစ၍ ဖေဖော်ဝါရီ ၁၈ ရက်အထိ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်း အသင်း ၁၃ သင်းပါဝင်ယှဉ်ပြိုင်ကြကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

ပခုက္ကူမဟာဝိသုတာရာမကျောင်းတိုက်ကြီးသည် ပရိယတ္တိသာသနာပေါ်ထွန်းလာအောင်ပျိုးထောင်ပေးသည့်ပျိုးဥယျာဉ်ကြီးဖြစ် ဆရာနှင့်တပည့်စဉ်ဆက် သမားစဉ်မပျက် ပခုက္ကူစာသင်နည်း၊ စာချနည်းကို ဆက်လက်ထိန်းသိမ်းပို့ချတော်မူခဲ့ မီးရှူးတိုင်သဖွယ်ထွန်းလင်းသည့်အစဉ်အလာကောင်းကိုဆက်လက်ရှင်သန်နေအောင်ဆောင်ရွက်တော်မူနိုင်မည်မျှော်လင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း မြင်းခြံမြို့၌ကျင်းပသည့် မြင်းခြံဒီဂရီကောလိပ် ပင်မဆောင်ဖွင့်ပွဲနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (မြင်းခြံ) ပင်မဆောင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီးနောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် လိုက်ပါလျက် မွန်းတည့် ၁၂ နာရီတွင် မကွေးတိုင်း ပခုက္ကူမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၁၁ ရက်က ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပူဇော်ပွဲနှင့် ပခုက္ကူ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကောဒသမသန္နိပါတ သြဝါဒခံယူပွဲ သံဃာ့အစည်းအဝေးသို့ တက်ရောက်ပူဇော်ကြည်ညိုပြီး ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အမှတ် (၁၀၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးစိန်ဝင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် ပခုက္ကူ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ ကောဒသမ သန္နိပါတ သြဝါဒခံယူပွဲ သံဃာ့အစည်းအဝေး တတိယနေ့ အစီအစဉ်ကို မွန်းတည့် ၁၂ နာရီတွင် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ပူဇော် ကြည်ညိုပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဖတ်ကြားလျှောက်ထား

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးမြို့ မဟာဝိသုတာရာမတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ပခုက္ကူ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ သမ္မုတိဂဏ မဟာဝိနာယက ဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော ပခုက္ကူ နိကာယ ဦးဆောင်ဆရာတော်ကြီးများနှင့် နိကာယဝင် ဆရာတော်များ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ ပခုက္ကူ မဟာဝိသုတာရာမတိုက် ဂဏဝါစက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တသောဘနက ပခုက္ကူ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ ကောဒသမ သန္နိပါတ သံဃာ့အစည်းအဝေးကြီးက ချမှတ်သော ဆုံးဖြတ်ချက်များကို ဖတ်ကြားလျှောက်ထားသည်။

နှစ်ထောင်းအားရရှိလှ

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် ပခုက္ကူ နိကာယ ကောဒသမ (၁၁ကြိမ်)မြောက် သံဃာ့အစည်းအဝေးနှင့် သြဝါဒခံယူပွဲ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ရဟန္တာညာမဟာနာယက သက်တော်ရှည် ဆရာတော်ကြီးများ အမှူးပြုသော သံဃာတော် အရှင်မြတ်တို့အား စုံညီစွာ ဖူးမြော်ကြည်ညိုခွင့်ရရှိသည့်အတွက် မဟာကုသိုလ်သောမနဿဇောစိတ်များ တဖွားဖွားဖြစ်ပေါ်လျက် လွန်စွာနှစ်ထောင်းအားရရှိလှပါကြောင်းကို ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း။

ပခုက္ကူမဟာဝိသုတာရာမကျောင်းတိုက်ကြီးကို ပထမရေစကြို ဆရာတော်ကြီး အရှင်ဂန္ထသာရမထေရ် မြတ်က ၁၂၆၅ ခုနှစ်တွင် စတင်တည်ထောင်တော်မူခဲ့ကြောင်းကို သိရှိရပါကြောင်း၊ ဤမဟာဝိသုတာရာမကျောင်းတိုက်ကြီးကို အစကနဦး တည်ထောင်တော်မူစဉ်က ပထမရေစကြို ဆရာတော်ကြီးသည် သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၃)ဝါ ရှိနေပြီဖြစ်ပါကြောင်း၊ ဆရာတော်ကြီးသည် မန္တလေး ရတနာပုံနေပြည်တော် မင်းတုန်းမင်းတရားကြီးလက်ထက် ဒုတိယမောင်းထောင် သာသနာပိုင်ဆရာတော်ကြီး၏ စာသင်နည်း၊ စာပေပို့ချနည်းများကို ဆရာနည်းကျ လက်ထပ်သင်ယူတော်မူခဲ့သည့်အတိုင်း ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းများကို တစ်ပြိုင်နက်တည်း ယှဉ်တွဲပြီး အနက်အဓိပ္ပာယ်ရှင်းလင်း သင်ပြပို့ချတော်မူသည့်အပြင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံပါဠိတော် အုပ်ရေ ၄၀အုပ်၊ အဋ္ဌကထာအုပ်ရေ ၅၂ အုပ်၊ ဋီကာအုပ်ရေ ၂၈ အုပ်တို့ကို အစမှ အဆုံး နှံ့စပ်စုံလင်စွာပို့ချတော်မူသည့်အတွက် ပခုက္ကူ စာသင်နည်းဟူ၍ သီးခြားတစ်မူထူးခြားစွာ ပေါ်ထွန်းလာခဲ့ပါကြောင်း၊ ဤမဟာဝိသုတာရာမကျောင်းတိုက်ကြီး၏ စာပေပို့ချနည်းကိုပင် ပခုက္ကူ စာသင်နည်းဟူ၍ နိုင်ငံအနှံ့ ကျော်ကြားခဲ့ပါကြောင်း။

မြန်မာနိုင်ငံရှိ ဆရာတော်ကြီးများ အားလုံးလိုလိုပင် ပခုက္ကူမြို့သို့ ကြွရောက်၍ စာဝါများသင်ယူကြရပြီး ပခုက္ကူမရောက်သေးလျှင် စာမနှံ့သေး၊ ပိဋကတ်သုံးပုံပေါက်အောင် မသွား တတ်သေး၊ မသွားနိုင်သေးဟု ယူဆခဲ့ကြပါကြောင်း။

အရှင် ဂန္ထသာရဆရာတော်ကြီးသည် ဤကျောင်းတိုက်ကြီး တည်ထောင်ပြီး ၁၁ နှစ်ခန့်အကြာ ၁၂၇၆ ခုနှစ်တွင် တပည့်ကြီးဖြစ်သော ဘဒ္ဒန္တပညာမဟာထေရ်အား ကျောင်းတိုက်ကြီးကိုလွှဲအပ်ခဲ့ပြီး ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါကြောင်း။

ထို့နောက် ဆရာတော်ဘဒ္ဒန္တသုန္ဒရ၊ ဘဒ္ဒန္တနန္ဒဝံသ၊ ဘဒ္ဒန္တဂန္ဓမာ၊ ဘဒ္ဒန္တပဏ္ဍိတ၊ ဘဒ္ဒန္တဇာဂရ၊ ဘဒ္ဒန္တသုမင်္ဂလတို့က ဆရာစဉ်ဆက် တပည့်စဉ်ဆက် သမားစဉ်မပျက် ပခုက္ကူ စာသင်နည်း စာချနည်းကို စဉ်လာမပျက် ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ပို့ချတော်မူခဲ့ကြသည်ကို တွေ့ရှိနိုင်ပါကြောင်း။

ဤကဲ့သို့ စာပေပို့ချနည်း၊ စာသင်နည်းများ ထူးခြားကောင်းမွန်ခြင်းကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးက မဟာဝိသုတာရာမကျောင်းတိုက်ကြီးသို့ လာရောက်ပြီး အာစရိယဝါဒနည်းခံကြရသဖြင့် ရတနာပုံခေတ်နှောက်ပိုင်းမှစ၍ ဤခေတ်ကာလအထိ ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက်ကြီးမှ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး၁၄ပါး၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၂ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၅၂ ပါး၊ဓမ္မကထိကဘွဲ့ရဆရာတော်နှစ်ပါး၊ တိပိဋကဓရ တိပိဋက ကောဝိဒဘွဲ့ရ ဆရာတော် လေးပါး၊ အကျိုးတော်ဆောင် ဆရာတော်တစ်ပါး၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်နှစ်ပါး၊ အဖွဲ့ဝင်ဆရာတော် ခြောက်ပါးတို့ ပေါ်ထွန်းခဲ့ပါကြောင်း။

ဖေဖော်ဝါရီ၁၁ ရက်က ပခုက္ကူမြို့ စာချနည်း၊နိဿရည်းဟု ကမ္ပည်းမော်ကွန်း ဖော်ညွှန်းတီထွင် ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ကြီး ဘဒ္ဒန္တဂန္ထသာရမဟာထေရ်၏ ရုပ်တုတော်ဗိမာန်ကို တွေ့မြင်ရစဉ်။ (သတင်းစဉ်)

ပျိုးဥယျာဉ်ကြီးသဖွယ်ဖြစ်

ထို့ပြင် ရွှေကျင်နိကာယ ဥက္ကဋ္ဌ ဆရာတော်တစ်ပါး၊ ဥပဥက္ကဋ္ဌ ဆရာတော်နှစ်ပါး၊ ဝေဠုဝန်နိကာယသမ္မုတိ သာသနာပိုင် မူလဒွါရဂိုဏ်း မဟာနာယကဆရာတော်၊ ဂဏဝိမုတ်ကူးတိုဂိုဏ်းချုပ်ဆရာတော်များသည်လည်း ဤပခုက္ကူမဟာဝိသုတာရာမကျောင်းတိုက်ကြီးသို့ လာရောက်၍ စာပေသင်ယူဆည်းပူးခဲ့ကြကြောင်းကို သိရှိရပါကြောင်း။

သို့ဖြစ်ပါ၍ ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက်ကြီးသည် ပရိယတ္တိသာသနာအပွင့်အဖူးများ၊ အသီးအပွင့်များ၊ အညွန့်အညောက်များပေါ်ထွန်းလာအောင် ပျိုးထောင်ပေးသည့် ပျိုးဥယျာဉ်ကြီးသဖွယ် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပူဇော်ပွဲနှင့်(၁၁)ကြိမ်မြောက် ပခုက္ကူနိကာယ သံဃာ့အစည်းအဝေးပွဲကြီးသို့ ကြွရောက်တော်မူကြသော ဆရာတော်သံဃာတော်အရှင်သူမြတ်များအနေနှင့် ကိုယ်စိတ်နှစ်ပါးချမ်းမြေ့စွာ ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ပါးကို ထမ်းဆောင်တော်မူနိုင်ကြပါစေကြောင်းနှင့် တပည့်တော်တို့ဒါယကာဒါယိကာမများအနေဖြင့် ဆရာတော်၏သြဝါဒကိုခံယူ၍ သာသနာတော်မြတ်ကြီးအကျိုး၊ အမျိုးဘာသာ သာသနာအကျိုး ဆတက်ထမ်းပိုးတို့၍ ထမ်းဆောင်အောင်မြင်နိုင်ကြပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ အထူးသဖြင့် ရေစကြိုဆရာတော်ကြီးတီထွင်ပို့ချတော်မူခဲ့သည့် ပခုက္ကူစာသင်နည်းသည်နှစ်၁၀၀တိုင်တိုင် ပရိယတ္တိသာသနာတော်၏ မီးရှူးတိုင်သဖွယ်ထွန်းလင်းခဲ့သည့် အစဉ်အလာကောင်းကိုယခုကျင်းပသည့် (၁၁)ကြိမ်မြောက် ပခုက္ကူနိကာယအစည်းအဝေးကြီးက အားသစ်လောင်းကာ ဆက်လက်ရှင်သန်ထွန်းလင်းနေအောင် ဆောင်ရွက်တော်မူနိုင်ကြလိမ့်မည်ဟု မျှော်လင့်အားထားမိပါကြောင်း၊တပည့်တော်တို့နိုင်ငံတော်အစိုးရပိုင်းကလည်း ဆရာ၊ ဒကာညီညွတ်စွာဖြင့် သာသနာတော်ကြီး ထွန်းလင်းတောက်ပစေရန်အလို့ငှာ လိုအပ်သောပံ့ပိုးကူညီဆောင်ရွက်ဖွယ်ရာများဆောင်ရွက်ပါမည်ဖြစ်ပါကြောင်း လျှောက်ထားရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ပခုက္ကူ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ သမ္မုတိဂဏ မဟာဝိနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက နိဂမန သာရဏီယ သြဝါဒကထာကို မြွက်ကြားတော်မူသည်။

ယင်းနောက် ပခုက္ကူမဟာဝိသုတာရာမတိုက် ဂဏဝါစက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တသောဘနက ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် နိကာယ ဂဏဝါစက အလုပ်အမှုဆောင်အဖွဲ့၏ ပင့်ကြားလွှာကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် အစည်းအဝေးကို "ဇယန္တော ဗောဓိယာမူလေ" အစရှိသော ဂါထာကို ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ပခုက္ကူ စာချနည်း၊ နိဿရည်းဟု ကမ္ပည်းမော်ကွန်း ဖော်ညွှန်းတီထွင် ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ကြီး ဘဒ္ဒန္တဂန္ထသာရ မဟာထေရ်၏ ရုပ်တုတော်ဗိမာန်ဖွင့်ပွဲ အခမ်းအနားကို ကျောင်းတိုက် ပရဝဏ်အတွင်းရှိ အဆိုပါဗိမာန်တော်၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ဂဏဝါစက မဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တသီဟက ရုပ်တုတော်ဗိမာန် ပလ္လင်တော်ဖွင့် ဂါထာတော်ကို ရွတ်ဆိုပူဇော်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရုပ်တုတော်ဗိမာန်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက "စိရံ တိဋ္ဌတု သဒ္ဓမ္မော ဓမ္မေ ဟောန္တု သဂါရဝါ" အစရှိသော နှစ်ဂါထာကို ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေစကြိုဆရာတော်ကြီး ဘဒ္ဒန္တ ဂန္ထသာရ မဟာထေရ်၏ ရုပ်တုတော်ကို ပူဇော်ကြည်ညိုကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ပခုက္ကူမြို့နှင့်ပုဂံမြို့ဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး
ပုဂံနန်းမြင့်မျှော်စင်လျှောင်ဒဏ်ခံနိုင်ရေးနှင့် ပုဂံယဉ်ကျေးမှုအငွေ့အသက်များပါရှိရေးမှာကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၁၁ ရက်က ပုဂံမြို့ အနော်ရထာ မင်းတရားကြီး၏ ပုဂံနန်းတော် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ၁၁ ရက် မွန်းလွဲပိုင်းတွင် ပခုက္ကူတက္ကသိုလ်သို့ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ် ဦးစိုးမြင့်၊ ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

မြေနေရာရွေးချယ်

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တက္ကသိုလ်ပရဝဏ်အတွင်း လှည့်လည်၍ ပခုက္ကူတက္ကသိုလ် ပင်မဆောင် တည်ဆောက်မည့် မြေနေရာကို ရွေးချယ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Language Lab နှင့် Computer Training Centreတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား တက္ကသိုလ်ခန်းမ၌ ပခုက္ကူတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးစိုးမြင့်က ပခုက္ကူတက္ကသိုလ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းများ၊ သင်ကြားလျက်ရှိသော ဘာသာရပ်များ၊ကျောင်းသားအင်အား၊ ကွန်ပျူတာ ၉၈ လုံး အသုံးပြုသင်ကြားလျက်ရှိသော ITခန်းများ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားပြီးအင်အား အပါအဝင် သင်ကြားစီမံကိန်းစွရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အထူးပြုဘာသာရပ်များတိုးမြှင့် သင်ကြားရေးနှင့် ပင်မသုံးထပ်ဆောင် ဆောက်လုပ်ရန်နှင့်ပတ်သက်ပြီး လိုအပ်ချက်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဖေဖော်ဝါရီ ၁၁ ရက်က ပုဂံမြို့ အနော်ရထာ မင်းတရားကြီး၏ ပုဂံမြို့ နန်းမြင့်မျှော်စင် တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စာသင်ခန်းများစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပခုက္ကူတက္ကသိုလ် စာသင်ခန်းများကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံမြို့သို့ရောက်ရှိကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည်ပုဂံမြို့ အနော်ရထာမင်းတရားကြီး၏ပုဂံရွှေနန်းတော်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းသို့ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ကြည်အောင်နှင့်တာဝန်ရှိသူတို့ကအနော်ရထာမင်းတရားကြီး ပုဂံရွှေနန်းတော် တည်ဆောက်ရေးစီမံကိန်းအရ ဆောင်ရွက်နေသည့် ပဋ္ဌပါသာဒရွှေနန်းတော် တည်ဆောက်ရေးလုပ် ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ရေရှည်တည်တံ့အောင်ဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အနော်ရထာမင်းကြီး၏ ပုဂံနန်းတော် ပြန်လည် တူးဖော်ခြင်းလုပ်ငန်းခွင်သို့သွားရောက်၍ တူးဖော်တွေ့ရှိထားသော ရှေးဟောင်းယဉ်ကျေးမှု အနုပညာ လက်ရာပစ္စည်းများ အရှည်တည်တံ့အောင် ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည်နန်းမြင့်မျှော်စင်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ထူးထရေးဒင်း ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးတေဇက တည်ဆောက်ရေးလုပ်ငန်း တိုးတက်မှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ပုဂံနန်းမြင့်မျှော်စင် တည်ဆောက်ရေးလုပ်ငန်းများကို ရာသီဥတုနှင့် ငလျင်ဒဏ်ခံနိုင်ရေး၊ ပုဂံယဉ်ကျေးမှုအငွေ့အသက်များပါရှိရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နန်းမြင့်မျှော်စင် တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံညောင်ဦးလေဆိပ်သို့ရောက်ရှိကြရာ လေဆိပ်၏ ဧည့်ခန်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးညဏ်ထွန်းအောင်နှင့်တာဝန်ရှိသူများက ပုဂံ ညောင်ဦးလေဆိပ် အဆောက်အအုံ တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ထားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က လိုအပ်သည်များကိုမှာကြားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၄-၂-၂၀၀၄
(စနေနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ စားကြမယ်ဟော့ ကောင်းကောင်း
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ နဂါးရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၃:၂၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း-၁၅)
၁၃:၅၀ ၆။ ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက် လူငယ်ချန်ပီယံမြန်မာ(အကြို ဗိုလ်လုပွဲ) (မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်)
၁၄:၃၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၄၅ ၈။ International News
၁၅:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use.
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၁၇:၁၅ ၆။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၃၀ ၇။ တေးဂီတအစီအစဉ်
၁၇:၄၅ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၅၀ ၉။ ရုပ်မြင်ရသတေးစုကဏ္ဍ
၁၈:၀၅ ၁၀။ ပထမအကြိမ် ဘင်းမ်စတက်လူငယ်ဘောလုံးပြိုင်ပွဲချန်ပီယံ ဂုဏ်ပြုဆွေးနွေးခန်း(အပိုင်း-၁)
၁၈:၁၅ ၁၁။ စားကြမယ်ဟော့ကောင်းကောင်း
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ Discovery.
၁၉:၂၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း-၁၈)
၁၉:၄၀ ၁၆။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ "တစ်နံ့တစ်လျှားအလှစုံညီမြန်မာပြည်" (အပိုင်း-၁)
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ရုပ်မြင်သံကြားဇာတ်လမ်း **"ဥမကွဲသိုက်မပျက်" (အပိုင်း-၂)** (ဇင်ဝိုင်း၊ ဇော်ဦး၊ မင်းမော်ကွန်း၊ မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ၊ ဟန်နီထွန်း၊ စိုးမြတ်နန္ဒာ၊ အိန္ဒြာကျော်ဇင်၊ ရတနာခင်) (ဒါရိုက်တာ-ညွန့်မြန်မာ ညီညီအောင်)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၁၄-၂-၂၀၀၄
(စနေနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ကိသုဂေါတမသုတ် တရားတော်"**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွှဲ
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၇။ မြန်မာသံစဉ်ချိုနှာဝင်
၄:၅၀ ၈။ မျိုးချစ်တပ်မတော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် Psychological (Research)
၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တစ်ရေးချစ်ခွင့်"** (အပိုင်း-၇)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး"** (အပိုင်း-၂၇)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အလှူငွေပေးအပ်ပွဲ ရက်ပြောင်းရွှေ့ဖိတ်ကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၃

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)အတွက် ကျပ်သိန်းတစ်ထောင်ဆွမ်းပဒေသာပင် အလှူငွေနှင့် ပညာပါရမီကုသိုလ်တော် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မူလက ဖေဖော်ဝါရီ ၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီအစား ဖေဖော်ဝါရီ ၁၉ရက်(ကြာသပတေးနေ့)နံနက် ၉နာရီသို့ ပြောင်းရွှေ့အသိပေးဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဦးယဉ်ကြူ [အင်ဂျင်နီယာမှူးကြီး(အထက်မြန်မာပြည်၊ စက်မှု)] ဆ၊လ၊ရ၏ ၁၄–၂–၂၀၀၄ ရက် (ချစ်သူများနေ့)တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည်နောင်နှစ်ပေါင်း၁၂၀ တိုင်အောင် ကျန်းမာပျော်ရွှင်ချမ်းမြေ့စွာမိသားစုနှင့်အတူလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်ဇနီး ◆ ဒေါ်ခင်အေးကြူ
စာတည်း(တာဝန်ခံ)၊
မြန်မာ့သတင်းစဉ်(နိုင်ငံခြားသတင်း)
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ချစ်သမီး ◆ မနီလာဝေ–မောင်ကျော်နိုင်ဦး (ဖြိုးစတိုး)

ချစ်သား ◆ မောင်စန်းမြင့်မောင်
2nd Mate (F.G) Hanseatic Shipping Co.–
မအိအိကျော် **(Yangon City Bank)**

ချစ်မြေးများ ◆ မောင်ပြည့်ဖြိုးနိုင်(ကိုဖြိုး)၊ မမြအိန္ဒြေ(ကစ်ကစ်)။

(၄၂)နှစ်မြောက်မင်္ဂလာဆုတောင်း

ကျေးဇူးရှင် ချစ်သောဖေဖေ ဦးသိန်းဖေ (ဒုတိယအထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)နှင့် ကျေးဇူးရှင် ချစ်သောမေမေ ဒေါ်မြိုင်မြိုင်ခင်တို့၏ ၁၄–၂–၂၀၀၄ ရက်တွင် ကျရောက်သော(၄၂)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ချစ်သောသားသမီး၊ မြေးများနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ကိုယ်၏ကျန်းမာခြင်း ပြည့်စုံစွာဖြင့် အနာဂတ်ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

ချစ်သော သားသမီး–မြေးများ

ဗိုလ်မှူးခင်မောင်ဝင်း–အိခင်သိန်း၊ဦးမျိုးသန့်မင်း–ညိုညိုခင်၊ ဒေါက်တာဝင်းသန့်–ပိုပိုခင်၊ ဦးကျော်ကျော်လွင်–နီနီခင်၊ ကျော်သိန်းထွန်း–ရီရီနွယ်၊ ဂွမ်းပုံ၊ဖိုးသား၊ အောင်၊ အိတုံ၊ ဘောဘီ၊ အောင်ကြီး၊ ဂျူး၊ ရွှေဥ၊ ဖူးဖူး၊ လုလု၊ တုံတုံ၊ အိမ့်၊ မေလေး။

အမည်ပြောင်း

မြစ်ကြီးနားတက္ကသိုလ် ဒုတိယနှစ်သမိုင်းမှ မောင်ချမ်းမြဇော်(အဖ) ဦးစောအေးကိုအား ယနေ့မှစ၍ စောအောင်ခန့်လင်းဟု ပြောင်းလဲခေါ်ပါရန်။ **စောအောင်ခန့်လင်း။**

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြု ကျေးလက်လမ်းတံတားနှင့် ရေပေးရေးဖွင့်ပွဲကျင်းပ

ပျော်ဘွယ် ဖေဖော်ဝါရီ ၉

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ ခုဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သော လမ်းတံတားနှင့် ရေပေးရေးလုပ်ငန်းများဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်နံနက်က ကျင်းပသည်။

ရှေးဦးစွာ ဝါးရင်းတုတ်–ငန့်ဇင်းကျေးလက်မြေသားလမ်းဖွင့်ပွဲကို ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်နှင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးပြေကျော်က ဖွင့်လှစ်ပေးကြသည်။

အဆိုပါမြေသားလမ်းကို စည်ပင်ရန်ပုံငွေကျပ် ၃၉၁သမ ၅ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လမ်းပြီးစီး၍ ကျေးရွာနေပြည်သူများ သွားလာရာတွင် အဆင်ပြေချောမွေ့သဖြင့် ဝမ်းမြောက်လျက်ရှိကြသည်။

ဆက်လက်၍ ကျီနီကျေးရွာတွင် အလှူရှင် စက်ရေတွင်းဖွင့်ပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ၊ စည်ပင်လက်ထောက်အင်ဂျင်နီယာနှင့်ရန်ကုန်မြို့နေ အလှူရှင် ဦးကျော်သူရ–ဒေါ်အေးအေးနွယ်မိသားစု(မီးသတ်ဦးစီးဌာန)ကိုယ်စား မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ကျေးရွာနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိနေပြီဟု သိရသည်။

(မြို့နယ် စည်ပင်)

ပြည်ထောင်စုနေ့ ဂုဏ်ပြု ကျောက်ချောလမ်းဖွင့်

ပျဉ်းမနား ဖေဖော်ဝါရီ ၁၀

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ပျဉ်းမနားမြို့ ပေါင်းလောင်း ၂ ရပ်ကွက် သရဖီ ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက်၉ နာရီက ကျင်းပသည်။

(မြို့နယ် စည်ပင်)

ဖေဖော်ဝါရီ ၆ ရက်က ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် (မြို့ပြ) အောင်ဆန်းအားကစား ကွင်းပတ်လမ်း ဆောင်ရွက်ပြီးစီးမှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဖြူတို့က ရှင်းလင်းပြသကြစဉ်။

(မြို့နယ် စည်ပင်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် ဆေးပေးခန်းဖွင့်

စဥ့်ကိုင် ဖေဖော်ဝါရီ ၈

စဥ့်ကိုင်မြို့နယ် ဆည်ရွာ(စံပြ) ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့်မိခင်ကလေးဆေးပေးခန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက်က အဆိုပါကျေးရွာ၌ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညွှန့်လှိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုးအောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အလှူငွေပေးအပ်ပွဲကျင်းပရာ အလှူရှင်ဦးမြင့်အောင်ဇနီး ဒေါ်ခင်နွဲ့(နိဗ္ဗာန်ကုန်)မိသားစု မန္တလေးက မိခင်ကလေးဆေးပေးခန်းကိုလည်းကောင်း၊ ဦးသန်းဝင်း–ဒေါ်မြအေး ဥယျာဉ်ရွာက အလှူငွေကျပ် ငါးသောင်းကိုလည်းကောင်း၊ ဦးကျော်ညွှန့်(သဇင်နွယ်)မိသားစုက ရုံးအသုံးအဆောင်များကို လည်းကောင်း၊ စဥ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ရပ်မိရပ်ဖအလှူရှင်များက စာအုပ်စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၁၂ ရက်က သာစည်မြို့နယ် သနပ်ကန်ကျေးရွာမူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ပညာပေးဟောပြောပွဲကျင်းပရာ ကျေးရွာဥက္ကဋ္ဌဦးစိုးမြင့်နှင့် ကျောင်းအုပ်ဆရာကြီး ဦးကောင်းသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲဆုချီးမြှင့်

ခင်ဦး ဖေဖော်ဝါရီ ၅

ခင်ဦးမြို့ ပြည်သူ့အားကစားကွင်း၌ မြို့နယ်ပညာရေးမှူးဖလားအခြေခံပညာ မူလတန်းကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၄ ရက်ကကျင်းပရာမြို့နယ်ဥက္ကဋ္ဌဦးညွှန့်မြိုင်က အမှာစကားပြောကြား ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးဒေါ်မိုးသန်းက ပထမဆုရရွာသာ (အမက)အား ဆုချီးမြှင့်ပြီး ကျောင်းအုပ်ဆရာကြီး ဦးပေါ်ထွန်းက ဒုတိယဆုရ အလယ်ရှိ(အမက) အား ဆုချီးမြှင့်ပြီး လက်ထောက် မြို့နယ်ပညာရေးမှူး ဦးရွှေမြက ပြေးခုန်ပစ်တံခွန်စိုက်ဖလားဆုရ ကျောင်းစု (၄)စုမှူးဦးသန်းရှောင်အား ဆုများချီးမြှင့်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးရေးတာဝန်ပေးအပ်

ပုသိမ်ကြီး ဖေဖော်ဝါရီ ၅

ပုသိမ်ကြီးမြို့နယ်၏ ၂၀၀၃–၂၀၀၄ခုနှစ်အတွက် နွေစပါး၊ နွေနှမ်းနှင့် ၂၀၀၄–၂၀၀၅ခုနှစ်အတွက် မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်ရေး တာဝန်ပေးအပ်ပွဲကိုဇန်နဝါရီ၁၅ ရက်က မြို့နယ်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ တာဝန်ပေးအပ်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းမြင့်နှင့် အတွင်းရေးမှူး ဦးဇော်ဝင်းတို့က စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌဦးထွန်းထွန်းမြင့်က တောင်သူများကိုယ်စား စိုက်ပျိုးပညာပေးစခန်းငါးခုမှ စခန်းတာဝန်ခံများအား နွေစပါး၊ နွေနှမ်းနှင့် မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်ရေးတာဝန်ပေးအပ်သည်။

ပုသိမ်ကြီးမြို့နယ် အနေဖြင့် ၂၀၀၃–၂၀၀၄ခုနှစ်အတွက် နွေစပါး ဧက ၂၃၅၀၀၊ နွေနှမ်းဧက ၄၈၀၀နှင့် ၂၀၀၄–၂၀၀၅ခုနှစ်အတွက် မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၂၅၀ စိုက်ပျိုးထုတ်လုပ်ကြမည်ဖြစ်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

တလုတ္တော်ကျေးရွာ၌ လက်နှိပ်ပန့်ဖွင့်

ဟင်္သာတ ဖေဖော်ဝါရီ ၁၁

ဟင်္သာတမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်နေပြည်သူများသန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဟင်္သာတ မြို့နယ် တလုတ္တော်ကျေးရွာ၌ ကျေးလက်ရေရရှိရေး လက်နှိပ်ပန့်ဖွင့်ပွဲ အခမ်းအနားအား ဖေဖော်ဝါရီ ၁၀ ရက်နံနက်ကကျင်းပရာခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး မောင်ပြုံး၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းတို့ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

စုပေါင်းလုပ်အားဒါနပေးလှူ

သံဖြူဇရပ် ဖေဖော်ဝါရီ ၈

ကျိုက္ခမိမြို့ ဆုတောင်းပြည့်ရေလယ်ဘုရား ပရိဝုဏ်အတွင်း သန့်ရှင်း လှပသာယာစေရေးအတွက် ဖေဖော်ဝါရီ၁ ရက်က ဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးချမ်းစိန်၊ အတွင်းရေးမှူး ဦးလှကြည်တို့ဦးဆောင်သော ဝန်ထမ်းအဖွဲ့က ပရိဝုဏ်အတွင်း တစ်နေ့တာစုပေါင်း လုပ်အားဒါန ပေးလှူကြသည်။

(မြို့နယ် ပြန်/ဆက်)

ကတ္တရာလမ်းများ အဆင့်မြှင့်တင်

မောင်တော ဖေဖော်ဝါရီ ၅

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့်နယ်စပ်ဒေသ မောင်တောမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး လမ်းခရီးလုံခြုံချောမွေ့စေရေး၊ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန် သွက်လက်လာစေရေးတို့အတွက် မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးဘမြင့်၊ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကျော်ဦးနှင့် ဝန်ထမ်းများ ဇန်နဝါရီ ၂၃ ရက်ကစ၍ မောင်တောမြို့နယ်အတွင်းရှိ ကတ္တရာလမ်းများ ဖာထေးခြင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



ကျေးလက်လမ်းနှင့် မြို့တွင်းလမ်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

ပန်းတနော် ဖေဖော်ဝါရီ ၉

ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ ခုနှစ်အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပန်းတနော်မြို့ ဗိုလ်ချုပ်လမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၊နိုင်ငံတော်ထောက်ပံ့ငွေဖြင့်ဆောင်ရွက်လျက်ရှိသည့် ပန်းတနော်–ဂုံမင်းကျေးလက်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းနှင့် ဂုံမင်း–ကူးချောင်း–ပျဉ်ထုံးကြီး ကျေးရွာချင်းဆက် မြေသားလမ်းကို စက်ယန္တရားများဖြင့် ဖောက်လုပ်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၇ ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာအမှုဆောင်အရာရှိဦးအောင်သန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇင်ဝေတို့က လိုက်လံ ရှင်းလင်းပြသကြောင်း သိရသည်။ **(အပေါ်ပုံ)** (၃၂၇)

ဖေဖော်ဝါရီ ၁ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မုဒုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သာယာ လှပရေးအတွက် မြို့တွင်းလမ်းမကြီးများ တစ်လျှောက်တွင်

ဆိုဒီယမ်မီးလုံးများ တပ်ဆင်ထွန်းညှိခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဖုန်းလွင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလှိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစံထွန်းလင်းတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး နန်းသီတာစိုက်ပျိုးမွေးမြူရေးစခန်းများ ကြည့်ရှုစစ်ဆေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်း စိတ်ပါဝင်စားပြီး စီးပွားဖြစ်ဆောင်ရွက်ရေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်လိုက်ပါ၍ ဖေဖော်ဝါရီ ၁၀ ရက်နံနက်ပိုင်းက ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု နန်းသီတာကျေးရွာရှိ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်က ဆောင်ရွက်လျက်ရှိသော နန်းသီတာ စိုက်ပျိုး မွေးမြူရေးစခန်းအမှတ်(၂)သို့ ရောက်ရှိရာ အောင်ပန်းတပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းထိုက်၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာများ၊ တောင်ကြီးတပ်နယ်၊ အောင်ပန်းတပ်နယ်နှင့် ကလောတပ်နယ်တို့မှ တပ်ရင်း တပ်ဖွဲ့မှူးများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးအား နန်းသီတာစိုက်ပျိုးမွေးမြူရေးစခန်း အမှတ်(၂)ရှင်းလင်းဆောင်၌ စခန်းတာဝန်ခံ ဗိုလ်မှူးထွန်းသိန်းက စခန်းအတွင်းရှိ ငါးကန် ၂၂ကန်တွင် ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်း၊ ငါးမြစ်ချင်းငါး စုစုပေါင်း ကောင်ရေ ၁၃၄၀၀၀ မွေးမြူထားရှိမှု၊ ဘက်ကော့ဥစားကြက်ကောင်ရေ ၁၁၀၀ မွေးမြူထားရှိမှု၊ ကြက်ဥအလုံးရေ တစ်သောင်းဆံ့ ကြက်ဥဝပ်စက်နှစ်လုံးနှင့် ခုနစ်ထောင်ဆံ့ ကြက်ဥဖောက်စက်တစ်လုံးဖြင့် ကြက်သားဖောက်လုပ်ငန်းဆောင်ရွက်နေမှု၊ ကြက်သားပေါက်များ ဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို ဇယားကားချပ်များဖြင့် ရှင်းလင်း တင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ကြက်မွေးမြူရေးလုပ်ငန်းရှင် ဒေါက်တာသိန်းစိန်က ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

